ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်၊ တနင်္ဂနွေနေ့၊ **(17-8-2008)** (၅၇၇၃)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော်　　ဩဂုတ်　　၁၇

၂၀၀၈ ခုနှစ်၊ ဩဂုတ် ၁၇ရက်တွင် ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလို ဘန်ဘန်း ယူဒိုရိုနိုထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး
အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော်　　ဩဂုတ်　　၁၇

၂၀၀၈ခုနှစ်၊ ဩဂုတ် ၁၇ရက်တွင် ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ယူစွပ်ကာလာထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်
ဩစတြေးလျ ဓနသဟာယနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

ရန်ကုန်　　ဩဂုတ်　　၁၆

ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျ ဓနသဟာယနိုင်ငံ သံအမတ်ကြီး မစ္စ မီရှဲလ်ဆူဝန်ချန်အား ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်
အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော်　　ဩဂုတ်　　၁၇

၂၀၀၈ ခုနှစ်၊ ဩဂုတ် ၁၇ ရက်တွင် ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလို ဘန်ဘန်း ယူဒိုရိုနို ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။　　(သတင်းစဉ်)

လက်ခံတွေ့ဆုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျ ဓနသဟာယနိုင်ငံ သံအမတ်ကြီး မစ္စ မီရှဲလ်ဆူဝန်ချန်အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ် (ဝဲပုံ)**နှင့် ဇေယျာသီရိဗိမာန် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (အောက်ပုံ)　　(သတင်းစဉ်)

ကြေးမုံ The Mirror
၁၇-၈-၂၀၀၈
(တနင်္ဂနွေနေ့)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ့သုခုမပညာရပ်များ ဖော်ထုတ်မြှင့်တင် မျိုးဆက်သစ် အနုပညာရှင်များ ပေါ်ထွက်ရေးကြိုးပမ်း

မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၏ လူမှုကျင့်ဝတ် ဓလေ့ထုံးတမ်း အစဉ်အလာများ၊ မြန်မာ့စိတ်ရင်း စေတနာနှင့် သိမ်မွေ့နက်နဲမှုများကို အနုသုခုမပညာရပ်များတွင် တွေ့မြင် ခံစားရရှိနိုင်သည်။ တစ်နည်းအားဖြင့် မြန်မာ့ရိုးရာဓလေ့စရိုက် အစဉ်အလာများသည် မြန်မာ့အနုပညာရပ်များတွင် စိမ့်ဝင်လျက်ရှိသည်။

ထို့ကြောင့် နိုင်ငံတော်က ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်း မြှင့်တင်နေသည်။ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ အဆိုပါ လုပ်ငန်းစဉ်များတွင် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများ ကျင်းပနေခြင်းသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို ၁၉၉၃ ခုနှစ်မှစတင်၍ နှစ်စဉ် ကျင်းပလာခဲ့ရာ ယခုနှစ်တွင် (၁၆)ကြိမ်မြောက် ပြိုင်ပွဲကြီးကို နေပြည်တော်၌ ကျင်းပတော့မည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲကြီးများ ကျင်းပခြင်းဖြင့် မြန်မာ့ဇာတ်သဘင်၊ ရုပ်သေးသဘင်နှင့် အဆို၊ အက၊ အရေး၊ အတီး အနုပညာရပ်များကို ပြန်လည်ဖော်ထုတ်မြှင့်တင်ပေးနိုင်သည့်အပြင် မျိုးဆက်သစ် အနုပညာရှင်များလည်း ပိုမိုပေါ်ထွက်လာလျက်ရှိသည်။

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွင် ထူးခြားချက် တစ်ခုအဖြစ် အဆိုဘာသာရပ်၌ ခေတ်အကြိုက် တေးသီချင်းပြိုင်ပွဲကို တိုးချဲ့ထည့်သွင်းပေးထားရာ ဝါသနာရှင် ဒုတိယတန်းအဆင့်၊ အဆင့်မြင့်ပညာအဆင့်နှင့် အခြေခံပညာအဆင့် အမျိုးသား၊ အမျိုးသမီးများ ပါဝင်ယှဉ်ပြိုင်နိုင်ကြမည်ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် အနုပညာရှင်များက မြန်မာ့ဂီတ၊ မြန်မာ့အကအပါအဝင် မြန်မာ့တူရိယာတေးသွား၊ သံစဉ်ရသအလင်္ကာမြောက် အနုသုခုမပညာရပ်အလိုက် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များကို ဖော်ထုတ်မြှင့်တင်ရင်း အမျိုးသားရေးဂုဏ်ရည်များကို ဆက်လက်ထိန်းသိမ်း သွားကြရမည်ဖြစ်ပါသည်။ ။

ကွမ်းခြံကုန်းမြို့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ညှိနှိုင်းစည်းဝေး ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တက်ရောက်မှာကြား

ရန်ကုန် ဩဂုတ် ၁၆

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဩဂုတ် ၁၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ ပြန်လည်ထူထောင်ရေး ဗဟိုကွပ်ကဲရေးစခန်း၌ ကျင်းပသော ပြန်လည်တည်ဆောက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ဝန်ကြီးအား တာဝန်ရှိသူတို့ကဆေးရုံစာသင်ကျောင်းများ၊ ကျေးလက်ကျန်းမာရေးဌာနခွဲများ၊ လူနေအိမ်များ၊ မြို့မဈေးကြီးနှင့် သာသနိကအဆောက်အအုံများကိုပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှုနှင့်ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။ ဝန်ကြီးကလိုအပ်သည်များမှာကြားပြီးဆက်လက်ဆောင်ရွက်သွားရမည့်အစီအမံများကိုချမှတ်ပေးသည်။

ထို့နောက်ဝန်ကြီးသည် တော်ပုလွေရပ်ကွက်၌ မြန်မာ့အလှကုမ္ပဏီမှ ဒါရိုက်တာ ဦးကျော်ခိုင် ဆောက်လုပ်လှူဒါန်းမည့်လူနေအိမ်များတည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး ရပ်ကွက်အသီးသီးရှိ မုန်တိုင်းကြောင့် ပျက်စီးသွားသည့်သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ ပြန်လည်ထူထောင်ရေး ဗဟိုကွပ်ကဲရေးစခန်း၌ ကျင်းပသော ပြန်လည်တည်ဆောက်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။ (စွမ်းအင်)

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အရာရှိများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၆) သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၆

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့အရာရှိများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၆) သင်တန်းဆင်းပွဲကို ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်း တက္ကသိုလ် (ဖောင်ကြီး) အုန်းတောခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ ပြည်ထဲရေး ဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးချုပ် ဘုန်းဆွေ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဦးလှမြင့်ဦးနှင့် ဦးဝင်းအောင်၊ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ပါမောက္ခချုပ် ဦးဝင်းမောင်၊ ပါမောက္ခများ၊ဌာနကြီးမှူးများ၊ ပြည်ထဲရေးဝန်ကြီးဌာန အောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဘုန်းဆွေက သင်တန်းဆင်း အမှာစကား ပြောကြားပြီး သင်တန်းသားစံပြဆုရ ဒုတိယရဲမှူးမင်းဟန် (အောင်မြေသာစံ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မန္တလေးတိုင်း)၊ သင်တန်းသူစံပြဆုရ ရဲအုပ်ကြည်ပြာကြူ (တွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၊ လားရှိုးမြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း)၊ သင်တန်းသားဖွဲ့လုံ့လဆုရ ဒုတိယရဲမှူးအောင်သန်း (ဟင်္သာတခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ဧရာဝတီတိုင်း)၊ သင်တန်းသူ ဖွဲ့လုံ့လဆုရ ရဲအုပ် မဦးသန်းမေ (စစ်တွေခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ ရခိုင်ပြည်နယ်)နှင့် စံပြအဆောင်ဆုရရှိသော အမျိုးသား တပ်ခွဲ (၂)အဆောင်(၂)တို့အား ဆုတံဆိပ်များကို ချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကိုသင်တန်းသားခေါင်းဆောင်များထံ ပေးအပ်သည်။

ယခုဖွင့်လှစ်သော သင်တန်းသို့ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိတပ်ဖွဲ့နှင့် ဦးစီးဌာနများမှ သင်တန်းသား၊ သင်တန်းသူ၂၄၅ဦးတက်ရောက်ခဲ့ကြပြီးသင်တန်းကာလမှာရက်သတ္တလေးပတ် ကြာမြင့်ခဲ့သည်။ (သတင်းစဉ်)

ပြည်ထဲရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဘုန်းဆွေ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ အရာရှိများ အထူးမွမ်းမံ သင်တန်း အမှတ်စဉ် (၁၆) သင်တန်းဆင်းပွဲတွင် သင်တန်းသားစံပြဆုရ ဒုတိယ ရဲမှူး မင်းဟန်အားဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။ (ပြည်ထဲရေး)

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ စာတော်ပြန်ပွဲထာဝရဆွမ်းပဒေသာပင်အတွက် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဗိုလ်ချုပ်လမ်းနေ ဦးထွန်းမောင်ညိမ်း၊ ဒေါ်မေပုလဲ မိသားစုက အသင်းဥက္ကဋ္ဌ ဦးညွန့်စိန် (မဟာသဒ္ဓမ္မဇောတိကဓဇ)ထံ အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

တာမွေမြို့နယ်ကျောက်မြောင်း အောင်မင်္ဂလာအိမ်ရာနေကွယ်လွန်သူ ဖခင်ကြီး ဦးလှဖေ၊ မိခင်ကြီး ဒေါ်မမကြီးအားရည်စူး၍ ဦးလှသန်း၊ဒေါ်တင်မာဝင်း၊သားမောင်ဝင်းမောင်မောင်၊ မောင်ဖြိုးဝေထွန်း၊ မအိအိချို၊ မြေး မသက်မှူးနေဇင် မိသားစုတို့ကဆွမ်း၊ဆေးပဒေသာပင်နှင့် ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် သုံးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာဒေါ်မေဝင်းအောင်ခင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက လှူဒါန်းသည့် ဖြူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းအတွက် ပညာရေးပဒေသာပင် ငွေကျပ် သိန်း ၁၀၀ကို ပညာရေး မြှင့်တင်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းအောင်ထံ ပေးအပ်စဉ်။ (ရထားပို့ဆောင်ရေး)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ပညာရေးပဒေသာပင် ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်

နေပြည်တော် ဩဂုတ် ၁၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဩဂုတ် ၁၅ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း ဖြူးမြို့နယ်ရှိ ဇေယျဝတီ အခြေခံပညာအလယ်တန်းကျောင်းသို့ ရောက်ရှိပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက လှူဒါန်းသော ပညာရေးပဒေသာပင်ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် ဇေယျဝတီ အခြေခံပညာ အထက်တန်းကျောင်းအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက လှူဒါန်းသော ပညာရေးပဒေသာပင် ငွေကျပ်သိန်း ၅၀ ကို ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ပေးအပ်ရာ မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်သန်းက လက်ခံပြီး ဖြူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသက်နိုင်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ဖြူးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော ပညာရေးပဒေသာပင် ပေးအပ်ပွဲသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ ဒေသခံလူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများအား အမှာစကားပြောကြားသည်။ ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက လှူဒါန်းသည့် ဖြူးမြို့ အခြေခံပညာ အထက်တန်းကျောင်း အတွက် ပညာရေးပဒေသာပင် ငွေကျပ်သိန်း ၁၀၀ ကို ဗဟိုအလုပ် အမှုဆောင်ဝန်ကြီးက ပေးအပ်ရာ ပညာရေး မြှင့်တင်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်ဝင်းအောင်က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ဖြူးမြို့နယ် ညောင်ပင်သာ အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပသောပညာရေး ပဒေသာပင်ပေးအပ်ပွဲသို့တက်ရောက်လာကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဒေသခံလူမှုရေးအသင်း အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများ အား အမှာစကား ပြောကြားသည်။ ထို့နောက် ပြည်ထောင်စု ကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးအသင်းက လှူဒါန်းသည့် ဖြူးမြို့နယ် ညောင်ပင်သာ အခြေခံ ပညာ အထက်တန်းကျောင်းအတွက် ပညာရေးပဒေသာပင် ငွေကျပ်သိန်း ၅၀ ကို ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး က ပေးအပ်ရာ ပညာရေးမြှင့်တင်ရေး ကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးက လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှု ဆောင် ဝန်ကြီးသည် ဖြူးမြို့နယ် ကညွတ်ကွင်း အခြေခံပညာ အထက် တန်းကျောင်း၌ ကျင်းပသော ပညာ ရေးပဒေသာပင်ပေးအပ်ပွဲအခမ်းအနား သို့ တက်ရောက်ပြီး ဗဟိုအလုပ်အမှု ဆောင်ဝန်ကြီးက ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် များ၊ ဒေသခံလူမှုရေး အသင်းအဖွဲ့ ဝင်များ၊ ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများအား တွေ့ဆုံ၍ အမှာ စကား ပြောကြားသည်။

ထို့နောက် ကညွတ်ကွင်း အခြေခံ ပညာအထက်တန်းကျောင်း အတွက် ပညာရေးပဒေသာပင် ငွေကျပ်သိန်း ၃၀၀ ကို ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ပေးအပ်ရာ ကျောင်းအကျိုး တော်ဆောင်ဥက္ကဋ္ဌ ဦးအောင်မြင့်က လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဗဟိုအလုပ် အမှုဆောင်ဝန်ကြီးသည် အခမ်းအနား သို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေ အနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက် အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက် လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ် များ ပေါ်ထွန်းရေး။

မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်း စေတီတော်မြတ်ကြီး တောင်ဘက် စောင်းတန်းတော်ကြီးတည်ဆောက် ရန်အတွက် ကြည့်မြင်တိုင်မြို့နယ် သရက်တော(၁)လမ်းနေ ကွယ် လွန်သူဖခင် ဦးမြတ်ကျော် နှစ်နှစ် ပြည့်အား ရည်စူး၍ ဇနီး ဒေါ်မြ ကြည်၊ သား မောင်ဇော်ဇော်ငြိမ်း၊ သမီး ခိုင်ဝါဝါသူ၊ သား မောင်ဝေယံထက်အောင် မိသားစုတို့က အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးအေးမြင့်နှင့် ဦးဟံညွန့်တို့ လက်ခံယူစဉ်။ (ကြေးမုံ)

ဘဏ္ဍာငွေ လက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေထံ မုန်တိုင်းသင့် ပြည်သူများ အတွက် မင်္ဂလာတောင်ညွန့် မြို့နယ် ပိန္နဲကုန်း ရခိုင်ဂျာမေ ဗလီကြီး ကြီးကြပ်ရေးကော်မတီ နှင့် ဗလီအဖွဲ့ဝင်များက ငွေကျပ် သိန်း ၅၀ ပေးအပ်လှူဒါန်းစဉ်။ (ဘဏ္ဍာ/အခွန်)

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်း မြို့နယ် ကွမ်းမိုးဒိန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းကျန်းမာရေး လှုပ်ရှားမှု ရက်သတ္တပတ်အဖြစ် ကျောင်းအုပ် ဆရာမကြီးဒေါ်သန်းရီ၏ အစီအစဉ် ဖြင့် ဒုတိယတန်းကျောင်းသား မောင်ဇင်ဝေယံထက်က ကျောင်း သား၊ ကျောင်းသူလေးများအား အာဟာရတိုက်ကျွေးစဉ်။ (သတင်းစဉ်)

လေဘေးဒဏ်ခံခဲ့ရသော ဒေသများမှ ရဟန်း၊ သံဃာတော်များနှင့် ပြည်သူများအား လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၆

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် သဲကုန်းမြို့နယ်အတွင်းရှိ မြို့နယ် သံဃနာယက ဆရာတော်က ဦးစီး၍ ဇူလိုင် ၂၅ ရက်တွင် သဲကုန်းမြို့ ကျောင်းကြီးပရိယတ္တိစာသင်တိုက်၌ မြို့နယ်သံဃနာယကဆရာတော် ဦးဝိန္ဒကမှ လေဘေးဒဏ်ခံခဲ့ရသောဒေသများရှိ ရဟန်း၊ သံဃာ တော်များနှင့် ပြည်သူများအတွက် အလှူငွေနှင့် သင်္ကန်းအစရှိသော အခြားဝတ္ထုပစ္စည်းများ ပေးအပ်လှူဒါန်းရာတွင် မြို့နယ်သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေး ရန်ပုံငွေရှာဖွေရေး ကော်မတီအဖွဲ့ထံသို့ အလှူငွေကျပ် ၆၁၀၀၀၀၊ တိုင်းသာသနာရေးရုံးသို့ အလှူငွေကျပ် ငါးသိန်း၊ သင်္ကန်းဒွိစုံ ၆၃ စုံ၊ နှစ်ထပ်သင်္ကန်း သုံးထည်နှင့် အခြားပစ္စည်းတန်ဖိုး ငွေကျပ်၆၉၀၅၀၀ စုစုပေါင်းတန်ဖိုး ငွေကျပ် သိန်း ၂၀ ဖိုးခန့် လှူဒါန်းခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်စက်များ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၆

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယမန်နေ့တွင် ပဲခူးတိုင်း တောင်ငူမြို့ရှိ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ်(၈၈)သစ်စက် စက်ရုံအတွင်းသစ်ခွဲစိတ်လည်ပတ်မှုအဆင့်ဆင့်၊ လွှပြင်ခန်းအတွင်း လွှသွေးပြုပြင်နေမှုများ၊ အင်ဂျင်ခန်းအတွင်း လျှပ်စစ်မော်တာကြီးများဖြင့် စက်လည်ပတ်နေမှုနှင့် ခွဲစိတ်ပြီးသစ်ခွဲသားများကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံရှင်းလင်းဆောင်၌ တာဝန်ရှိသူတို့၏ ရှင်းလင်းတင်ပြမှုအပေါ် ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့် တာဝန်ရှိသူများသည် အုတ်တွင်းမြို့နယ်သစ်ထုတ်လုပ်ရေးဌာန မြေစီးသစ်ဆိပ်သို့ ရောက်ရှိပြီး သစ်ဆိပ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သစ်ဆိပ်ရှင်းလင်းဆောင်၌ တာဝန်ရှိသူတို့က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

လာရောက်တွေ့ဆုံ

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား စင်ကာပူသမ္မတနိုင်ငံ သီရိလင်္ကာရ ရာမကျောင်း တိုက်၌ သီတင်းသုံးတော်မူသည့် မဟာကရုဏာ ဗုဒ္ဓဘာသာ အသင်းမှ ဆရာတော်ဒေါက်တာဂုဏရတနာသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မြန်မာ့သစ်လုပ်ငန်းရုံးချုပ် ဧည့်ခန်းမ၌ ဘိုကလေးမြို့ လေဘေးသင့်ပြည်သူများအား လှူဒါန်းရန်အတွက် လာရောက်တွေ့ဆုံကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အုတ်တွင်းမြို့နယ် သစ်ထုတ်လုပ်ရေးဌာန မြေစီးသစ်ဆိပ်တွင် ကြည့်ရှုစစ်ဆေးစဉ်။

(သစ်တော)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၈-၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM	
၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"ဘုတပရိညာအသိပိုင်မှ ဝိပဿနာဖြစ်မည်"တရားတော် (ဆရာတော် ဘဒ္ဒန္တဒေါက်တာ စန္ဒာဝရာဘိဝံသ)
၈း၀၀ - ၂း၀၀	Sunday Talk [မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)]
၈း၄၅ - ၂း၄၅	တေးဂီတအစီအစဉ်
၈း၅၀ - ၂း၅၀	မြစ်ရေကိုဖြတ်ကျော်လို့ အလင်းစွမ်းအားပေးကြစို့
၉း၁၀ - ၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀ - ၃း၂၀	Activities In The City (ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာ ရေစက်ချအလှူမင်္ဂလာ)
၉း၄၀ - ၃း၄၀	Cartoon Show Time (Happy Feet)
၁၀း၀၅ - ၄း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၀ - ၄း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅ - ၄း၁၅	ထန်းပင်မှဖြစ်သည့် အနုပညာ (ထန်းပန်းချီ)
၁၀း၂၅ - ၄း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀ - ၄း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅ - ၄း၃၅	Hotel Guide (Lucky Dragon Hotel)
၁၀း၅၀ - ၄း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀ - ၅း၀၀	နိဗ္ဗာန်သို့ရည်မှန်း ကုသိုလ်ယူ မြတ်သောအလှူ
၁၁း၂၀ - ၅း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅ - ၅း၂၅	နုယဉ်ဆန်းထွင် ပန်းအလှဆင် (တြိဂံပုံ ပန်းအိုးထိုးနည်း)(ပန်းအိုးအကြီး)
၁၁း၅၀ - ၅း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၅ - ၅း၅၅	ကျောင်းကျန်းမာရေးပညာပေးအစီအစဉ် (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာအောင်ထွန်း)
၁၂း၃၀ - ၆း၃၀	Biz Net
၁၂း၄၀ - ၆း၄၀	တေးဂီတအစီအစဉ်
၁၂း၄၅ - ၆း၄၅	ပူဇော်ထိုက်က ပူဇော်ရ
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Beijing Olympic 2008 အားကစားပြိုင်ပွဲအစီအစဉ်များ

ညနေ	အကြောင်းအရာ	ပြသမည့်လိုင်း
၃း၃၀	Beijing Olympic 2008 အားကစားပြိုင်ပွဲအစီအစဉ်များ	MRTV-4 (Live)

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၅၅	Chelsea - Portsmouth	ESPN (Live)
၈း၂၅	Aston Villa - Man City	Star Sports(Live)
၉း၂၅	Man Utd - Newcastle	ESPN (Live)

ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း လှည့်လည်ကြည့်ရှု

နေပြည်တော် ဩဂုတ် ၁၆

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းသည် အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၁၁ရက်တွင် နေပြည်တော် လယ်ဝေးမြို့နယ်ရှိ အခြေခံပညာ ကျောင်းများ၏ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်လယ်ဝေး အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းကျန်းမာရေး သီတင်းပတ် လုပ်ငန်းဆောင်ရွက်မှုတစ်ခုအဖြစ် ကျောင်းကျန်းမာရေးပြခန်း၌ ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုကြရာ ကျောင်းသား ကျောင်းသူလေးများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကျောင်းကျန်းမာရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်လယ်ဝေး မြို့မအမှတ်(၆) အခြေခံပညာမူလတန်းလွန်ကျောင်း၊ မြို့မအမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်ပြီး ကျောင်းအလိုက် ကျောင်းကျန်းမာရေး သီတင်းပတ် လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုအားပေးကြသည်။

အလားတူပင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းသည် ယမန်နေ့တွင် အမှတ်(၂) အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်ရွှေနှင့် တာဝန်ရှိသူများ လိုက်ပါလျက် နေပြည်တော် တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၊ ဗိုလ်မင်းရောင်ရပ် အခြေခံပညာအလယ်တန်းကျောင်း၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်ပြီး ကျောင်းအလိုက် ကျောင်းကျန်းမာရေးသီတင်းပတ် လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံဆရာဝန်အသင်း၊ အဏုဇီဝဗေဒအဖွဲ့၏ ပတ်ဝန်းကျင်ဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၆

မြန်မာနိုင်ငံဆရာဝန်အသင်း၊ အဏုဇီဝဗေဒအဖွဲ့ကကြီးမှူး၍ အဏုဇီဝဗေဒဌာန ဆေးတက္ကသိုလ်(၁) ရန်ကုန်ကကျင်းပမည့် "World Crises-Energy, Food and Water" (ကမ္ဘာ့အခက်အခဲပြဿနာများ---စွမ်းအင်၊ အစားအစာနှင့်ရေ) ဟောပြောပွဲကို ဩဂုတ် ၂၃ရက် စနေနေ့ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန် အသင်းခန်းမ(အေ)၌ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ ဟောပြောပွဲတွင် ပါမောက္ခ/ဌာနမှူး ဒေါက်တာကြည်ကြည်သင်း၊ ပါမောက္ခ ဒေါက်တာဝါဝင်းထိုက်နှင့် တွဲဖက်ပါမောက္ခ ဒေါက်တာကြူကြူဝင်းတို့က ဟောပြောမည်ဖြစ်သည်။

ဟောပြောပွဲသို့ စိတ်ဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် တက်ရောက်လိုသူများသည် ဆေးတက္ကသိုလ်(၁) လမ်းမတော်၊ အဏုဇီဝဗေဒဌာန၌ နံနက် ၁၀ နာရီမှ ညနေ ၄နာရီအတွင်း (သို့မဟုတ်) ဟောပြောမည့် နေ့တွင် မြန်မာနိုင်ငံဆရာဝန်အသင်း၊ ခန်းမ(အေ)၊ သိမ်ဖြူလမ်း၌ မှတ်ပုံတင်နိုင်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

မေတ္တာတေးသာ သီကြွေးပါ

✳ အခါတစ်ပါး၊ မြတ်ဘုရားရှင်သည်
ဇေတဝန်ကျောင်း၊ စက်လျောင်းခိုမှီ
ပြည်သာဝတ္ထိ၊ မည်ရှိဌာနီ
ပန်းစုံသင်း၊ ဝါတွင်းကာလဆီ။
✳ ငါးရာ ရဟန်း၊ စိတ်ဝမ်းမကြည်
မြတ်ရှင်ထံပါး၊ ဝပ်တွားကိုယ်စီ
တောအရပ်မှ ၊ မြန်းကြွလာသည်
လက်အုပ်မိုး၊ ရှိခိုးလျှောက်တင်ပြီ။
✳ "ရှင်တော်မြတ်ဘုရား၊ လျှောက်ထားပါသည်
တောအုပ်တစ်ခု၊ ရှေးရှုခိုမှီ
ရဟန်းတော်များ၊ တစ်ပါး တစ်ပင်စီ
ကျင့်ကြံပွားများ၊ မြတ်တရား ဂုဏ်ရည်
ညဥ့်ယံလုံး၊ သီတင်းသုံးပါသည်။
ကမ္မဋ္ဌာန်းတရား၊ အားထုတ်ခဲ့ပါသည်။
✳ အားထုတ်နေဆဲ၊ ရှုမရဲပါသည်
သဘက် ဘီလူး၊ စွယ်ပြူးအာနီ
သံနက် သံဆိုး၊ အမျိုးမျိုးအော်မြည်
စိတ်မသန့်၊ ထိတ်လန့်ရပါသည်။
✳ ထို့ပြင်မက၊ ဒုက္ခ စုံညီ
အပုပ်နံ့ အညှီနံ့၊ လွှမ်းဖြန့်ပါသည်
တရားသမာဓိ၊ မရရှိပါပြီ
ခြောက်လှန့်ပြီး၊ ဖျက်ဆီးကြပါသည်။"
✳ လျှောက်တင်စကား၊ နာကြားစုံညီ
မြတ်ရှင်ဘုရား၊ မိန့်ကြားပါသည်
"တောစောင့်နတ်များ၊ မြင့်မားရာဆီ
မနေဝံ့၊ ကြောက်ရွံ့အောင်လှန့်သည်။"
✳ မေတ္တာကမ္မဋ္ဌာန်း၊ စီးဖြန်းကိုယ်စီ
ရဟန်းတို့အား၊ သင်ကြားရှာသည်
ယဿာနုဘာဝတော ယက္ခာ အစချီ
မေတ္တသုတ်၊ ဟောထုတ်ညွှန်ပြပြီ။
✳ တောအုပ်ပြန်သွား၊ ရဟန်းများကိုယ်စီ
မေတ္တာ ကမ္မဋ္ဌာန်း၊ စီးဖြန်းလေပြီ
နတ် ဘုမ္မစိုး၊ ရုက္ခစိုးစုံညီ
ရွှင်ကြည်ပြုံး၊ တောလုံးသာယာပြီ။
✳ သပိတ်ကိုပွေ့၊ နေ့တိုင်းကူညီ
ခြေဆေးကာပေး၊ လုပ်ကျွေးလာသည်
မေတ္တာရနံ့၊ သင်းပျံ့ထုံကြည်
နတ်တစ်သင်း၊ဖန်ဆင်းလူနှယ်အတည်။
✳ ငါးရာ ရဟန်း၊ ရွှင်လန်းကြည်ကြည်
တရားကမ္မဋ္ဌာန်း၊ ဆင်မြန်းနိုင်ပြီ
နှောင့်ယှက်ကင်းလတ်၊ ဝါကပ်နိုင်သည်
မေတ္တာအကျိုး၊ မြတ်နိုးဘွယ့်ဂုဏ်ရည်။
✳ မြန်မာ့မြေတစ်ဝန်း၊ ငြိမ်းချမ်းစေရည်
ကမ္ဘာ့မြေတစ်ဝန်း၊ ငြိမ်းချမ်းစေရည်
ပေးယူတုမျှ၊ ရကြစေရည်
ဖေးကူတူတကွ၊ ဘဝအလှဝေစည်
မေတ္တသုတ်၊ ဆိုနှုတ် ရွတ်ကိုယ်စီ။
မေတ္တာတေး၊ သီကြွေး လူတိုင်းသည်။
မေတ္တာပန်း၊ ပွင့်လန်း အိမ်တိုင်းဆီ။
မေတ္တာနေ့၊ မမေ့ကမ္ဘာအရှည်။ ။

မြင်းမူမောင်နိုင်မိုး

ကံမြင့်ကျောင်းတိုက် အထူးတရားပွဲ

ရန်ကုန် ဩဂုတ် ၁၆

ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်၊ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံ ပါမောက္ခချုပ်၊ စစ်ကိုင်းမြို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ပါမောက္ခချုပ်အရှင်နန္ဒမာလာဘိဝံသသည် ဩဂုတ် ၁၈ရက်မှ ၂၂ရက်အထိနှင့် ဩဂုတ် ၂၅ ရက်မှ ၂၉ရက်အထိ နေ့စဉ်ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်းရှိ ကံမြင့်ကျောင်းတိုက်၌ အမြတ်ဆုံး ပန်းတိုင် ဧကန်ပိုင်ပိုင် အဘိဓမ္မာ ဒေသနာတရားတော်ကို ဟောကြားတော်မူမည်ဖြစ်သည်။ (ကြေးမုံ)

အထွေထွေအတွင်းရေးမှူး ဦးဌေးဦး မိုးစပါးထွန်ယက်ကောက်စိုက်ပွဲ ကြည့်ရှုအားပေး

ရန်ကုန် ဩဂုတ် ၁၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၀ ရက်တွင် ဧရာဝတီတိုင်း လပွတ္တာမြို့နယ် ညောင်လိန်ကျေးရွာရှိ တောင်သူဦးဟန်မြင့်၏ လယ်မြေငါးဧက၌ ကျင်းပသည့် မိုးစပါး စုပေါင်းထွန်ယက်ကောက်စိုက်ပွဲသို့ တက်ရောက်ကြည့်ရှု အားပေးသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦး ဧရာဝတီတိုင်း လပွတ္တာမြို့နယ် ညောင်လိန်ကျေးရွာ တောင်သူ ဦးဟန်မြင့်၏ လယ်မြေငါးဧက၌ မိုးစပါး စုပေါင်းထွန်ယက် ကောက်စိုက်နေမှုကို ကြည့်ရှုအားပေးစဉ်။ (လယ်/ဆည်)

အထွေထွေ အတွင်းရေးမှူးနှင့်အဖွဲ့သည် လက်တွန်းထွန်စက်များဖြင့် မြေပြုပြင်မှု၊ ကောက်စိုက်နေမှုနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ခင်းကျင်းပြသထားသည့် မြေဩဇာများ၊ စပါး မျိုးကောင်းမျိုးသန့်များနှင့် ဆားငန်ရေ ဝင်ရောက်သောလယ်မြေများအား စိုက်ပျိုးမြေအဖြစ် ပြန်လည် ပြုပြင်နိုင်သည့် နည်းလမ်းများနှင့် ပြကွက်တို့ကို ကြည့်ရှုပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကိစ္စများကို မှာကြားသည်။

ဆက်လက်၍ အထွေထွေ အတွင်းရေးမှူးနှင့်အဖွဲ့သည် လပွတ္တာလုပ်(တောင်)ကျေးရွာရှိ ရှင်စောမြတ်စေတီအား ဖူးမြော်ကြည်ညိုကာ စေတီတော်ဘက်စုံ အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တပညာတေဇနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အထွေထွေ အတွင်းရေးမှူးက လပွတ္တာလုပ်(တောင်)ကျေးရွာမှ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံများနှင့် ပညာသင်စရိတ်များကို ပေးအပ်သည်။

အထွေထွေ အတွင်းရေးမှူးနှင့်အဖွဲ့သည် ညပိုင်းတွင် မြောင်းမြခရိုင်နှင့် လပွတ္တာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးညှိနှိုင်းမှု ကော်မတီဝင်များနှင့်အတူ လပွတ္တာမြို့ ရွှေနဒီခန်းမ၌ ဆည်မြောင်းဦးစီးဌာနမှ လပွတ္တာမြို့ပေါ်ရှိ လေဘေးသင့်သူများအား လှူဒါန်းမည့် အဝတ်အထည်၊ စောင်၊ ဒန်အိုးဒန်ခွက် အရေအတွက် သုံးသောင်းကျော်နှင့် ဆန်အိတ် ၃၀၀ တို့ကို ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများထံ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် အထွေထွေ အတွင်းရေးမှူးသည် လပွတ္တာမြို့ ဘုရင့်နောင်ခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှု ကော်မတီများနှင့် တွေ့ဆုံ၍ လေဘေးသင့်ကျေးရွာများအလိုက် မိုးစပါး ထွန်ယက်စိုက်ပျိုးနိုင်မှု လုပ်ငန်းများကို ဆွေးနွေးပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

(စိုက်ပျိုး)

ဧရာဝတီတိုင်းအနေဖြင့် ၂၀၀၈-၂၀၀၉ ခုနှစ်တွင် မိုးစပါးဧက ၃၆၉၂၈၃၀ စိုက်ပျိုးမည်ဖြစ်ရာ ယခုအခါ ၃၃၅၈၅၆၈ ဧက စိုက်ပျိုးပြီးဖြစ်သည်။ လပွတ္တာမြို့နယ်တွင် မိုးစပါးဧက ၃၆၅၀၀၀ စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိရာ ကျန်ရှိသည့် ဧက ၉၅၀၀၀ ကျော်ကို ဆက်လက် စိုက်ပျိုးလျက် ရှိသည်။ လပွတ္တာမြို့နယ်တွင် မိုးစပါးအချိန်မီ စိုက်ပျိုးပြီးစီးနိုင်ရေးအတွက် မြေပြုပြင်မှုလုပ်ငန်းတွင် လက်ရှိရောက်ရှိပြီး ထွန်စက်များအပြင် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အစီအစဉ်ဖြင့်လည်း ဧရာဝတီတိုင်း အတွင်းရှိ မြို့နယ် ကိုးမြို့နယ်မှ လက်တွန်းထွန်စက် အစီး ၉၁၀ ဖြင့် ထွန်ယက်ပေးလျက်ရှိသည့်အပြင် လက်ဝယ်တွင်လည်း မျိုးစပါးများအသင့်ရှိပြီးဖြစ်၍ အချိန်မီ စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း၌ လေးထပ်ဝိပဿနာဓမ္မာရုံ တည်ဆောက်ရန်အတွက် ရန်ကုန်မြို့ လသာမြို့နယ် လသာလမ်းနေ ဦးဝင်းသင်က အလှူငွေကျပ်တစ်သိန်းကို (မဟာဓမ္မကထိကဗဟုဇနဟိတဓရ) အောင်စကြာဆရာတော် ဘဒ္ဒန္တစန္ဒသူရိယထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အရှင်စန္ဒသာရ(ကျောင်းကုန်း) ဝါတွင်းတရားပွဲစဉ်များ

ရန်ကုန် ဩဂုတ် ၁၆

ဧရာဝတီတိုင်း ကျောင်းကုန်းမြို့ ဒက္ခိဏာရာမ ရွှေကျင်ပရိယတ္တိစာသင်တိုက်မှ မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာနာစရိယ နယ်လှည့်သာသနာပြု ဓမ္မကထိက၊ ဓမ္မာစရိယဆရာတော် အရှင်စန္ဒသာရ(ကျောင်းကုန်း)အရှင်မြတ်သည် ဩဂုတ် ၁၇ ရက် မှ ၂၃ ရက်အထိ ဒေးဒရဲမြို့ မော်အိုင် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ခုနစ်ရက်တရားစခန်းပွဲ၊ ၂၄ရက်မှ၃၀ရက်အထိ ကျောင်းကုန်းမြို့ ပြည်လုံးချမ်းသာ အာစိဏ္ဏကံမိုးကုတ်ဝိပဿနာဓမ္မရိပ်သာ ခုနစ်ရက်တရားစခန်းပွဲ၊ စက်တင်ဘာ၁ရက်မှ၁၀ရက်အထိ ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် သုခါဝါသမိုးကုတ်ဝိပဿနာဓမ္မရိပ်သာ ၁၀ရက်တရားစခန်းပွဲတို့တွင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (ကြေးမုံ)

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံများ) ဖြစ်ကြသော မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါတို့ အမှူးပြု၍ဝရဇာလမ်းမကြီး၊ ဝရဇာလမ်းသွယ်(၄)လမ်းနှင့်ဝရဇာလမ်းသွယ်(၆)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲတွင် ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။ (၁၉)

တောင်ဥက္ကလာပမြို့နယ်၌ ကတ္တရာလမ်းသစ်ဖွင့်ပွဲများ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံများ) ဖြစ်ကြသည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည် ဩဂုတ် ၁၂ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က နည်းပညာပံ့ပိုးမှုနှင့် ဆောင်ရွက်ပြီးစီးသော ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၅)ရပ်ကွက် တိုးချဲ့(၃)လမ်း၊ (၄)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲနှင့် အမှတ်(၁၃)ရပ်ကွက်၊ ဝရဇာလမ်းမကြီး၊ ဝရဇာလမ်းသွယ်(၄)လမ်း(အောက်)၊ ဝရဇာလမ်းသွယ်(၆)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက်၍ လမ်းသစ်များကို ဖွင့်လှစ်ပေးကြသည်။ ရှေးဦးစွာ အမှတ်(၁၅)ရပ်ကွက် တိုးချဲ့(၃)လမ်း၊ (၄)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို အဆိုပါ လမ်းသစ်ထိပ်ရှိ မုခ်ဦးရှေ့၌ ကျင်းပရာ မင်္ဂလာအချိန်၌ ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသည့် မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ၊ ရန်ကုန်တိုင်း အသင်းအတွင်းရေးမှူးဦးအေးမြင့်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဗဟိုအလုပ်အမှုဆောင်များ၊ ဧည့်သည်တော်များနှင့် တာဝန်ရှိသူများသည် လမ်းသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ အမှတ် (၁၅)ရပ်ကွက် တိုးချဲ့ (၃)လမ်း၊ (၄)လမ်းသည် လမ်းအရှည် ပေ၁၄၀၀ နှင့် အကျယ် ၁၂ပေ ရှိကြောင်း သိရသည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသည့် မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယ မြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါတို့သည် အမှတ်(၁၃)ရပ်ကွက်၊ ဝရဇာလမ်းမကြီး ထိပ်ရှိ မုခ်ဦးရှေ့၌ ကျင်းပသော ဝရဇာလမ်းမကြီး၊ဝရဇာလမ်းသွယ် (၄)လမ်း(အောက်)၊ဝရဇာလမ်းသွယ်(၆)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်ကြပြီး မင်္ဂလာအချိန်၌ ရန်ကုန်တိုင်း အသင်းအတွင်းရေးမှူး ဦးအေးမြင့်နှင့် လမ်းဖြစ်မြောက်ရေးကော်မတီဝင် ဥက္ကဋ္ဌ ဦးစံတင်တို့နှင့်အတူ လမ်းသစ်များကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ အဆိုပါ လမ်းသစ်များသည် စုစုပေါင်း လမ်းအရှည်ပေ ၃၀၀၀ နှင့် အကျယ် ၁၂ ပေရှိကြောင်း သိရသည်။ (၁၉)

သူတို့ ဤသို့ တီထွင်ခဲ့ကြသည်

နိုင်ငံတကာမှ သိပ္ပံပညာရှင်များ၊ သုတေသီများ၊ ပညာရှင်များက လူသားတို့အတွက် ဆေးဝါး၊ အစားအစာနှင့် အသုံးအဆောင်ပစ္စည်းအသီးသီးတို့ကို နှစ်ရှည်လများ စမ်းသပ်သုတေသနပြုကာ လူသားအကျိုးပြုပစ္စည်းများအဖြစ် တီထွင်ဖန်တီးခဲ့သည်။ အဆိုပါ ပညာရှင်များ တီထွင်ဖန်တီးထုတ်လုပ်ခဲ့သည့် ပစ္စည်းများ၊ တီထွင်ထုတ်လုပ်သည့် ခုနှစ်နှင့် ပညာရှင်များ၏ အမည်တို့ကို အလျဉ်းသင့်သလို ဖော်ပြသွားမည် ဖြစ်ပါသည်။

စဉ်	တီထွင်သည့်ပစ္စည်း	တီထွင်သည့်ခုနှစ်	တီထွင်သူ	နိုင်ငံသား
၁	ဓာတ်ပုံကြေးနန်း	၁၉၂၅	Bell Labs	အမေရိကန်
၂	စန္ဒရား	၁၇၀၉	Cristofori	အီတလီ
၃	ပစ္စတို(ဆုံလည်သေနတ်)	၁၈၃၆	Colt	အမေရိကန်
၄	လေဖိအားသုံးတူ	၁၈၉၀	King	အမေရိကန်
၅	ပတ်လည်ပုံနှိပ်စက်	၁၈၄၅	Hoe	အမေရိကန်
၆	ရေဒါ	၁၉၄၀	Watson-Watt	စကော့တလန်
၇	FM ရေဒီယို	၁၉၃၃	Armstrong	အမေရိကန်
၈	လျှပ်စစ်သင်တုန်းဓား	၁၉၁၇	Schick	အမေရိကန်
၉	မုတ်ဆိတ်ရိတ်ဓား	၁၈၉၅	Gillette	အမေရိကန်
၁၀	ကောက်ရိတ်စက်	၁၈၃၄	Mc Cormick	အမေရိကန်

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး

သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

စာရေးတံလှူ နာယူပွားများ မေတ္တာတရား

တင်ထွဋ် (အစိုးရတိုင်းရင်းဆေး)

ဝါခေါင်လသည် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ အထွတ်အမြတ်ထားသော ဝါတွင်းသုံးလ အခါသမယ၏ အလယ်ဗဟိုကျသည့်လဖြစ်သည်။ **"ဝါခေါင်တစ်ကြောင်း၊ ထနောင်းကြောင်ကျစ်၊ ဆူးရစ်ပွင့်ကာ၊ မိုးမရွာ၊ ရွာပါသော်လည်း မိုးမသည်း"**ဟူသော မိုးလေဝသခန့်မှန်းချက်ဆိုင်ရာ ရှေးတောင်သူလယ်သမားကြီးများ၏ မိုးလက်ာအရ ဝါခေါင်လတွင် မိုးပါးမှ ပွင့်ကြလေ့ရှိသောထနောင်းပန်း၊ ကြောင်ကျစ်ပန်းနှင့် ဆူးရစ်ပန်းတို့ပွင့်ကြသည်။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင်မူ ရေများပြည့်လျှံကာ လယ်မြေတစ်ခွင်၌လည်း ရေပြင်အတိဖြစ်နေသည်ကို **"သပြေကသီး ရေကကြီး၊ ထန်းသီးကကြွေ မိုးကစွေ"**ဟုလည်းကောင်း၊ ယင်းသို့ မိုးများစွာရွာသွန်းသော ဝါခေါင်လကို မဟာအတုလမင်းကြီးက ဝါခေါင်လဘွဲ့လွမ်းချင်းတွင်**"ဒေဝရိန်ပဇ္ဇုန်မှူးငယ်က မြူးလှတယ်လေး"**ဟု လည်းကောင်း အသီးသီးစပ်ဆိုခဲ့ကြပေသည်။ ထို့ပြင် မြစ်၊ ချောင်း၊ အင်း၊ အိုင်များတွင်လည်း ရေများတိုးကာ ကမ်းလုံးပြည့် လျှံတက်လေ့ရှိသည်ကို အကြောင်းပြု၍ **"ဝါဆို၊ ဝါခေါင် ရေဖောင်ဖောင်"**ဟုလည်းကောင်း၊ **"ဝါဆို ဝါခေါင်ရေတွေကြီးလို့၊ သပြေသီးမှည့်ကောက်စို့ကွယ်"**ဟုလည်းကောင်း စာဆိုများက ရေးဖွဲ့ခဲ့ကြပေသည်။

ဝါခေါင်လသည် ရှေးခေတ်အခေါ်နံကာလ၊ ရာသီအလိုအားဖြင့် သိဟ်ရာသီဖြစ်သည်။ သရဝဏ်ခေါ် မနသိဒ္ဓိနက္ခတ်နှင့် စန်းယှဉ်ပြည့်ကာ ရာသီပန်းမှာ ခတ္တာပန်းဖြစ်သည်။ ရာသီပွဲတော်အဖြစ် စာရေးတံပွဲကို ခြိမ့်ခြိမ့်သဲ ကျင်းပလေ့ရှိကြသည်။ ရှေးဝါခေါင်လဘွဲ့ သံပေါက်တစ်ပုဒ်တွင် **"နံကာ ခေါ်ကြ၊ ဝါခေါင်လ၊ သိဟရာသီထား။ စာရေးတံပွဲ ခြိမ့်ခြိမ့်သဲ၊ လှူမြဲကျော် ထင်ရှား။ သရဝဏ်နက္ခတ်၊ စန်းယှဉ်လတ်၊ ခတ္တာပွင့်ထွားထွား"**ဟု စပ်ဆိုထားပေသည်။

တန်ခူး၊ ကဆုန်လတို့မှ စတင်ရွာသွန်းလာခဲ့သည့် မိုးပဇ္ဇုန်သည် တရွေ့ရွေ့ အငြိုးပြင်းလာပြီး နေ့မလင်း၊ ညမလင်း အာကာဘောင်တစ်ခွင်တွင် ညာဘယ်မလပ်၊ တိမ်ညိုသင်တိုင်း အထပ်ထပ်တို့က လွှမ်းပတ်ယှက်ထွေးနေပေသည်။ မိုးရွာသွန်းမှုများပြီး သတ္တလောကတစ်ခွင်လုံး မိုးဖြိုင်ဖြိုင်ရွာ၍ အေးစိမ့်နေကာ စိမ်းလန်းစိုပြည်လျက်ရှိသည်။ ဝါခေါင်လပြည့်နေ့တွင် ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် **"မေတ္တသုတ်တရားတော်"**ကို ဟောကြားတော်မူခဲ့သည်။ ယင်းနေ့ကို**"မေတ္တာအခါတော်နေ့"**ဟု ခေါ်ဝေါ်ခဲ့ကြသည်။ မြတ်စွာဘုရားရှင် လက်ထက်တော်က သံဃာတော် အရှင်သူမြတ်တို့သည် ပရိယတ္တိ၊ ပဋိပတ္တိတရားများအားထုတ်၍ မရနိုင်လောက်အောင် အနှောင့်အယှက်ပေးသောနေရာကို ရောက်ရှိနေကြသဖြင့် ဘုရားရှင်သို့ သွားရောက်လျှောက်ထားကြရာ မြတ်စွာဘုရားရှင်က "ချစ်သားရဟန်းတို့ သင်တို့နှင့် သင့်လျော်ရာ နေရာအရပ်ကတော့ အခြားဘယ်နေရာ ဘယ်အရပ်ကိုမျှ မမြင်ဘူး။ နေမြဲတောအုပ်ကိုသာ ပြန်သွားကြပါ။ ဒါပေမယ့် ဒီအတိုင်းတော့ မဖြစ်ဘူး။ ချစ်ခြင်းမေတ္တာပွားများပြီးနေကြပါ"ဟု အမိန့်တော်ရှိလျက် ရဟန်းငါးရာတို့အား မေတ္တသုတ်ပရိတ်တော်ကို ချီးမြှင့်တော်မူလိုက်ပါသည်။

'မေတ္တာ'ဟူသည် **"ပြစ်မှားခြင်း သဘောမရှိ၊ စောင့်ရှောက်ခြင်း သဘောရှိသည်။ အကျိုးစီးပွားကို ဖော်ဆောင်တတ်ခြင်း သဘောရှိသည်။ သနားကြင်နာသောစိတ်ရှိပြီး အမျက်ဒေါသ၏ ဆန့်ကျင်ဘက်ဖြစ်သည်"**ဟု အဓိပ္ပာယ်ဖွင့်ဆိုကြပေသည်။ အင်္ဂုတ္တရနိကာယ်နိပါတ်တော်၏ မေတ္တသုတ်လာအတိုင်း မေတ္တာဘာဝနာပွားများသော ပုဂ္ဂိုလ်သည် ချမ်းသာစွာ အိပ်စက်ရခြင်း၊ ချမ်းသာစွာနိုးထရခြင်း၊ မကောင်းသောအိပ်မက်မမြင်မက်ရခြင်း၊ လူတိုင်း ချစ်ခင်ခြင်း၊ နတ်ဗြဟ္မာတို့စောင့်ရှောက်ခြင်း၊ လူမှ တစ်ပါးသောသူတို့ ချစ်ခင်ခြင်း၊ မီး၊ အဆိပ်၊ ပယောဂနှင့် လက်နက်ကြီး ငယ်တို့ မထိခိုက်ခြင်း၊ စိတ်တည်ကြည်မှုရှိခြင်း၊ မျက်နှာအဆင်း အထူးကြည်လင်ခြင်း၊ မတွေမဝေဘဲသေရခြင်း၊ သေလွန်သောအခါ မဂ်ဖိုလ်မရလျှင် ဗြဟ္မာပြည်ရောက်ရခြင်းစသည့် အကျိုးများခံစားရပေမည်။ ဤမေတ္တာအကျိုးများနှင့် စပ်လျဉ်း၍ **အိပ်သော်ချမ်းသာ၊ နိုးခါ သုခ၊ မြတ်လှအိပ်မက်၊ နှစ်သက်သူတို့၊ နတ်တို့ချစ်ခင်၊ နတ်ပင်စောင့်နေ၊ မီးရေမဖျက်၊ ငြိမ်သက်တည်ကြည်၊ ရွှင်ကြည်မျက်နှာ၊ သေခါမမှိုင်၊ ဗြဟ္မာ တိုင်သား၊ ဆယ့်တစ်ပါးကို၊ ကျမ်းဂန်ဆိုသည်၊ ဗိုလ်လူအများ၊ မေတ္တာပွား**ဟု သိမှတ်လွယ်ရန် ဖွဲ့ဆိုထားပါသည်။

ပို့သသောမေတ္တာတွင် မိမိမေတ္တာပို့မည့်သူ မည်သူမည်ဝါ မရည်ရွယ် မပိုင်းခြားဘဲ ပို့သသောမေတ္တာ(အနောဓိသမေတ္တာ)နှင့် မိမိမေတ္တာပို့မည့်သူ မည်သူမည်ဝါ ဖြစ်သည်ဟု ရည်ရွယ်ပိုင်းခြား အမည်နာမတပ်၍ပို့သသောမေတ္တာ(ဩဓိသမေတ္တာ)ဟူ၍ မေတ္တာနှစ်မျိုးရှိပါသည်။ "အနောဓိသမေတ္တာ"တွင် သဗ္ဗေသတ္တာ(သတ္တဝါအားလုံး)၊ သဗ္ဗေပါဏာ (ထွက်သက်ဝင်သက်ရှိသူအားလုံး)၊ သဗ္ဗေဘူတာ (ကိုယ်ထင်ရှားရှိသူအားလုံး)၊ သဗ္ဗေပုဂ္ဂလာ (ပုဂ္ဂိုလ်အားလုံး)၊ သဗ္ဗေအတ္တဘာဝပရိယာပန္နာ (အတ္တဘော၌ အကျုံးဝင်သော သတ္တဝါအားလုံး)ပါဝင်သည်။ "ဩဓိသမေတ္တာ"တွင် သဗ္ဗေဣတ္ထိယော(မိန်းမအားလုံး)၊ သဗ္ဗေပုရိသာ(ယောကျ်ားအားလုံး)၊ သဗ္ဗေအရိယာ(အရိယာပုဂ္ဂိုလ်အားလုံး)၊ သဗ္ဗေအနရိယာ (ပုထုဇဉ်အားလုံး)၊ သဗ္ဗေဒေဝါ(နတ်ဗြဟ္မာအားလုံး)၊ သဗ္ဗေမနုဿာ (လူသားအားလုံး)၊ သဗ္ဗေဝိနိပါတိကာ(အသူရာနှင့်ပြိတ္တာအားလုံး) စသည်တို့ ပါဝင်ပါသည်။

မေတ္တာပွားများကြရာတွင် မေတ္တာ၏ ရန်သူနှစ်မျိုးဖြစ်သည့် တဏှာရာဂနှင့် ဒေါသတို့ကိုနှိမ်နင်းဖို့ရန် အရေးကြီးပါသည်။ မေတ္တာ၏ အကျိုးသက်ရောက်မှုရရှိစေရန် ဒေါသကိုပယ်ဖျောက်နိုင်ရမည်ဖြစ်သည်။ မေတ္တာဘာဝနာ ပွားများသည့်အခါ "အတ္တ၊ ပိယ၊ မဇ္ဈတ္တ၊ ဝေရီ၊ သိမ်လေး သီ အညီရှုကြရာ" ဟူသော ရှေးပညာရှိတို့၏ အဆိုနှင့်အညီ အတ္တ=မိမိ ကိုယ်ကို၊ ပိယ=ချစ်ခင် နှစ်သက်အပ်သောသူ၊မဇ္ဈတ္တ=အလယ် အလတ်ဖြစ်သောသူ၊ ဝေရီ=ရန်သူတည်းဟူသော ပုဂ္ဂိုလ် စသည့်နယ်ပယ်လေးရပ်ကို ခွဲခြား ၍ အစဉ်တိုင်းပွားများကြရသည်။ ထိုသို့ ပွားများကြရာ၌ မည်သည့်ဘာသာစကား (ပါဠိလိုဖြစ်စေ၊ မြန်မာလိုဖြစ်စေ) ဖြင့် ပို့သသည်ဖြစ်စေ၊ မိမိစိတ်ကသာလျှင် ပို့သသည့် ပုဂ္ဂိုလ်ထံသို့ ရောက်ရှိရန်သာ အဓိကဖြစ်ပါသည်။ ယင်းမေတ္တာပွားသည့် နယ်ပယ်လေးရပ်တို့တွင် (အတ္တ) မိမိကိုယ်ကိုယ်စတင်၍ မေတ္တာပွားရခြင်းမှာ ကိုယ်ချင်းစာတရား ထားရှိစေရန်အတွက် ဖြစ်ပါသည်။ (ပိယ) မိမိချစ်ခင်လေးစား၍ ကြည်ညိုသဒ္ဓါပွားရသော ဆရာတော်၊ သံဃာတော်စသည့် သူတော်ကောင်းပုဂ္ဂိုလ်များ (တဏှာပေမဖြင့် စွဲလမ်းနိုင်သည့် ဇနီး၊ ခင်ပွန်း၊ သားသမီးများ မဖြစ်သင့်ပါ)တို့ကို မေတ္တာပွားများရန် ဖြစ်ပါသည်။ မဇ္ဈတ္တ=အလယ်အလတ်ဖြစ်သောပုဂ္ဂိုလ်၊ဝေရီ=ရန်သူ စသည့် ပုဂ္ဂိုလ်တို့အပေါ် တစ်ဆင့်စီပြောင်း၍ မေတ္တာပွားများရပေမည်။ ဤနယ်ပယ်လေးရပ်အပေါ် အနိမ့်အမြင့်၊ အချစ်အမုန်း၊ ဆင်းရဲချမ်းသာ မခွဲခြားဘဲ တစ်မျိုးတည်း ရင်ဝယ်သဘောထားလျက် ပို့သပွားများပါက မေတ္တာကမ္မဋ္ဌာန်း အထွတ်အထိပ်သို့ ရောက်ရှိနိုင်ပေမည်။

ဝါခေါင်လ၏ရာသီပွဲတော်တစ်ခုဖြစ်သည့် **"စာရေးတံအလှူပွဲ"**သည် **"စာရေးတံပွဲအစ ဘုရားရှင်လက်ထက်တော်က"**ဟု ဆိုသည်နှင့်အညီ အိန္ဒိယနိုင်ငံ၌ မြတ်စွာဘုရားရှင် လက်ထက်တော်ကပင် ပေါ်ထွန်းခဲ့သော အလှူပွဲဖြစ်ပါသည်။ အခါတစ်ပါး၌ ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူလျက်ရှိစဉ် ရာဇဂြိုဟ်တစ်ပြည်လုံး အစာငတ်မွတ် ခေါင်းပါးသော ဘေးကြီးကျရောက်လေရာ ဒကာများအနေဖြင့် ကျောင်းတိုက်တစ်တိုက်လုံးရှိ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းရန် မတတ်နိုင်ကြပေ။ အချို့ဒကာများ အနေဖြင့် သံဃာတော်များထဲမှ တစ်ပါးနှစ်ပါး၊ တစ်ကျိပ်နှစ်ကျိပ် စသည်ဖြင့် ရွေးချယ်၍လည်းကောင်း၊ အချို့က စာရေးတံမဲချ၍ မိမိတို့ တတ်စွမ်းနိုင်သမျှကိုလည်းကောင်း၊ အချို့က ဥပုသ်နေ့တွင် ဥပုသ်သီလဆောက်တည်ပြီး မိမိတို့ စားသောက်ရန် ယူဆောင်လာသော ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်များကိုလည်းကောင်း သံဃာအချို့အား ဆက်ကပ်လှူဒါန်း လိုကြပါသည်။ အချို့ကမူ ဥပုသ်နေ့တွင် သံဃာတော်များအနေဖြင့် ဆွမ်းပေါ်များကြသည့်အတွက် ဥပုသ်ကျော် (၁)ရက်နေ့၌ ဆွမ်းရှားပါးလေ့ရှိသဖြင့် ပို၍အကျိုးများစေရန် ဥပုသ်ကျော် (၁)ရက်နေ့၌ ဆွမ်းလှူဒါန်းလိုကြပါသည်။

ဤသည်ကို မြတ်စွာဘုရားရှင်ထံသို့ ဒကာများကလျှောက်ထားကြရာ ဘုရားရှင်က သံဃာအားလုံးကိုလှူဒါန်းသော ဆွမ်း (သံဃာဘတ်)၊ သံဃာတစ်ပါး၊နှစ်ပါး စသည်ကို ရည်ညွှန်း၍ လှူဒါန်းသောဆွမ်း (ဥဒ္ဒေသဘတ်)၊ ပင့်ဖိတ်၍ လှူဒါန်းသောဆွမ်း (နိမန္တနဘတ်)၊ စာရေးတံမဲချ၍ လှူဒါန်းသောဆွမ်း (သလာကဘတ်)၊ လဆန်းပက္ခ၊ လဆုတ်ပက္ခ၌ လှူဒါန်းသောဆွမ်း (ပက္ခိကဘတ်)၊ ဥပုသ်နေ့၌ လှူဒါန်းသော ဆွမ်း (ဥပေါသထိကဘတ်)၊ ဥပုသ်ကျော်(၁)ရက်နေ့၌ လှူဒါန်းသော ဆွမ်း (ပါဋိပဒိကဘတ်) စသည်တို့ကို လှူဒါန်းနိုင်ကြောင်း ခွင့်ပြုတော်မူခဲ့ပေသည်။ ဤသို့ ဘုရားရှင်က ခွင့်ပြုတော်မူခဲ့သည့် အချိန်မှစတင်ပြီး စာရေးတံမဲချ၍လှူဒါန်းသော ဆွမ်းအလှူ (သလာကဘတ်) သည်လည်း ဖြစ်ပေါ်လာခဲ့ပေသည်။

ရှင်တော်မြတ်ဘုရားက "ကိုယ်တိုင်လာလှူပြီး သူတစ်ပါးအား လှူဒါန်းရန် တိုက်တွန်းခြင်းမပြုသူသည် ဖြစ်လေရာဘဝ၌ စည်းစိမ်ဥစ္စာ ပြည့်စုံပြီး အခြံအရံနည်းပါးတတ်ကြောင်း၊ မိမိကိုယ်တိုင်မလှူ သူတစ်ပါးကို လှူရန်တိုက်တွန်းသူသည် ဖြစ်လေရာဘဝ၌ စည်းစိမ်ဥစ္စာချို့တဲ့ပြီး အခြံအရံ များတတ်ကြောင်း၊ ကိုယ်တိုင်မလှူရကာ၊ သူတစ်ပါးအားလည်း လှူဒါန်းရန် တိုက်တွန်းဖော်မရသူသည် ဖြစ်လေရာဘဝ၌ ဥစ္စာလည်းနည်းပါး၊ အခြံအရံလည်း ရှားပါးတတ်ကြောင်း၊ ကိုယ်တိုင်လည်းလှူ သူတစ်ပါးအားလည်း လှူရန် တိုက်တွန်းသူသည် ဖြစ်လေရာဘဝ၌ စည်းစိမ်နှင့်လည်း ပြည့်စုံ၊ အခြံအရံလည်း ပေါများတတ်ကြောင်း" ဟောကြားတော်မူခဲ့ရာ ထိုစဉ်ကစတင်ပြီး မိမိကိုယ်တိုင်လည်း လှူ၍ သူတစ်ပါးအားလည်း လှူရန် တိုက်တွန်းဆော်ဩသော နိဗ္ဗာန်ဆော်ဒကာများ ပေါ်ပေါက်လာခဲ့ပေသည်။

ဗုဒ္ဓမြတ်စွာလက်ထက်တော်အခါက ဘုရားရှင်၏ခွင့်ပြုညွှန်ကြားတော်မူချက်အရ ရဟန်းတစ်ပါးကိုဆွမ်းညွှန်းသူ (ဘတ္တုဒ္ဒေသက)အဖြစ် သံဃသမ္မုတိပေးကာတင်မြှောက်ထားကြရသည်။ ယင်းတင်မြှောက်ခြင်းခံရသော ရဟန်းသည် ဆန္ဒာဂတိ၊ ဒေါသာဂတိ၊ မောဟာဂတိ၊ ဘယာဂတိဟူသော အဂတိလေးပါးမလိုက်စားရခြင်း၊ ညွှန်းပြီးမညွှန်းရသေးတို့ကို သိရှိရခြင်းစသည့် အင်္ဂါငါးပါးနှင့် ပြည့်စုံရသည်။ ဘုရားရှင်လက်ထက်က ဆွမ်းညွှန်းသူအဖြစ် တင်မြှောက်ခံရသော ပုဂ္ဂိုလ်ကား မလ္လာမင်း၏သား ရှင်ဒဗ္ဗမည်သော ရဟန္တာမထေရ်ဖြစ်သည်။

ဆွမ်းညွှန်းရဟန်းသည် စာရေးတံဆွမ်းကိစ္စကို ဆောင်ရွက်သည့်အခါ မည်သည့်ဒကာက လှူဒါန်းသည်ကို သိရှိစေရန် ဒကာ၏အမည်ကို ရေးသားထားသည့် သစ်သားနှစ်ဖြင့်ပြုလုပ်ထားသော အတံကလေးများကိုဖြစ်စေ၊ ဝါးခြမ်းပြား၊ နှီးပြား၊ ထန်းရွက်၊ ပေရွက်တို့ကိုဖြစ်စေ မဲအဖြစ် အသုံးပြုရသည်။ ထိုစာရေးတံမဲကလေးများကို ခြင်းတောင်း၌လည်းကောင်း၊ သက်န်းလိပ်၌လည်းကောင်း၊ ဝါးကျည်တောက်၌လည်းကောင်း ထည့်မွှေပြီး ထပ်တလဲလဲ ထက်အောက်ပြောင်းပြန် လှုပ်ကာ အလှည့်အစဉ်ရှိက အလှည့်အစဉ်ရောက်သည့်ရဟန်းမှ စတင်၍ စာရေးတံမဲနှိုက်ယူစေရသည်။ အလှည့်ကျအစဉ်မရှိပါက မထေရ်ကြီးမှ စတင်၍ နှိုက်ယူစေရသည်။ စာရေးတံမဲကျသော သံဃာတော်များသည် စာရေးတံမဲကျရောက်သည့်အိမ်သို့ ဒကာ၏ ပင့်လျှောက်ချက်အရ အသီးသီး ဆွမ်းစားကြွရပေသည်။ အချို့က ဘွဲ့ရှင်ကိုယ်တော်ထံ ဆွမ်းအုပ်များပို့ကာ လှူဒါန်းကြသည်။ ဤသည်ကို စာရေးတံ ဆွမ်းအလှူပွဲ (သလာကဘတ်)ဟု ခေါ်ပါသည်။

ဘုရင်အမှူးပြုသော ရှေးမြန်မာတို့သည် သံဃာတော်များ တစုတဝေးတည်း စုဝေးတည်ရှိနေချိန်ဖြစ်သည့် ဝါတွင်းကာလဖြစ်သော ဝါခေါင်လတွင် ဆွမ်း၊ ကွမ်းကိစ္စ အခက်အခဲမဖြစ်စေရအောင် ရည်ရွယ်၍ ဤစာရေးတံပွဲကို ကျင်းပခဲ့ကြပါသည်။ မူလက အစဉ်အလာအတိုင်း ဆွမ်းကိုသာ လှူဒါန်းကြသော်လည်း နောက်ပိုင်းတွင် သဒ္ဓါတရား ထက်သန်လျှင် ထက်သန်သည့်အလျောက် ပရိက္ခရာရှစ်ပါးအပါအဝင် သံဃာတော်တို့၏ အသုံးအဆောင်ပစ္စည်းများကို ပဒေသာပင်သီး၍ စာရေးတံမဲချ လှူဒါန်းကြသည့်အပြင် ဘုရားထီးတော်တင်ပွဲ၊ သိမ်၊ ကျောင်း၊ ဇရပ်ရေစက်ချပွဲ၊ ဆွမ်းတော်ကြီးလောင်းလှူပွဲစသည့် သာသနာရေးဆိုင်ရာ အခမ်းအနားများတွင် သံဃာတော်များအား ပင့်ဖိတ်လျက် လှူဖွယ်ပစ္စည်းအစုစုတို့ကို စာရေးတံမဲဖောက်၍ လှူဒါန်းလေ့ရှိလာကြသည်မှာ မြန်မာတို့၏ မြတ်နိုးဖွယ်ရာဓလေ့တစ်ခု ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ဘုရင်အမှူးပြုသော ရှေးမြန်မာတို့သည် သံဃာတော်များ တစုတဝေးတည်း စုဝေးတည်ရှိနေချိန်ဖြစ်သည့် ဝါတွင်းကာလ ဖြစ်သော ဝါခေါင်လတွင် ဆွမ်း၊ ကွမ်းကိစ္စ အခက်အခဲမဖြစ် စေရအောင် ရည်ရွယ်၍ ဤစာရေးတံပွဲကို ကျင်းပခဲ့ကြ ...

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ကချင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးမှုဆိုင်ရာများ ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဩဂုတ် ၈ ရက်တွင် ရွှေကူမြို့ ဒီဂျစ်တယ် အော်တိုအိတ်ချိန်းသို့ ရောက်ရှိပြီး တယ်လီဖုန်းလိုင်းများ တိုးချဲ့တပ်ဆင်ဆောင်ရွက်ရန် လိုအပ်သည်များ မှာကြားသည်။

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် မန်စီမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မန်စီမြို့မှ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များ၊ မြို့မိမြို့ဖများအား အမှာစကားပြောကြားစဉ်။

(ဆက်သွယ်ရေး)

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် ရွှေကူမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ရွှေကူမြို့မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ တင်ပြချက်များအပေါ် ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် ဩဂုတ် ၉ ရက်တွင် မန်စီမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မန်စီမြို့မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ မြို့မိမြို့ဖများ၏ တင်ပြချက်များအပေါ် ညှိနှိုင်း ဆောင်ရွက်ပေးပြီး မြို့ပေါ်နှင့်ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများ အတွက် အလှူငွေများ ပေးအပ်လှူဒါန်း၍ အာရှအပြေး ချန်ပီယံဟောင်း ဦးမိတုန်နော် အတွက် အိမ်ဆောက်လုပ်ရန်နှင့် ထောက်ပံ့ငွေများကို ပေးအပ် လှူဒါန်းခဲ့သည်။

ထို့နောက်ဗဟိုအတွင်းရေးမှူးဝန်ကြီးသည် မန်စီမြို့ အော်တိုအိတ်ချိန်း တည်ဆောက်ရေးအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဝန်ထမ်းများ မြို့အတွင်း ကေဘယ်လ်များ သွယ်တန်း ဆောင်ရွက်နေမှုများနှင့် အော်တိုအိတ်ချိန်း စက်ပစ္စည်းများ ရောက်ရှိ တပ်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး စက်ပစ္စည်းများ စနစ်တကျ တပ်ဆင်ထားရှိရန်နှင့် သတ်မှတ်ချိန်အတွင်း အချိန်မီ ပြီးစီးရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည့်စုံအေးကျောင်း မိုးကုတ်ရိပ်သာ အဓိဋ္ဌာန်တရားစခန်းပွဲ

ရန်ကုန် ဩဂုတ် ၁၆

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့ အမှတ်(၄)လမ်းမ အုတ်ပုံမှတ်တိုင်အနီးရှိ ပြည့်စုံအေးကျောင်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ အဖွဲ့ခွဲ အမှတ်(၄၇၂)၏ ပထမအကြိမ် ရက်ပေါင်း(၉၀) အဓိဋ္ဌာန် တရားစခန်းပွဲကို ကျင်းပလျက်ရှိရာ ကျန်ရှိနေသော တရားစခန်းရက်များ၌ တရားစခန်းဝင်လိုသော ယောဂီများ လာရောက်ဝင်နိုင်ကြောင်းနှင့် ကျောင်းတိုက်အတွင်း တည်ဆောက်ဆဲဖြစ်သော ပြည့်စုံချမ်းသာ သိမ်တော်ကြီးအတွက်လှူဒါန်းနိုင်ကြောင်းသိရသည်။ တရားစခန်းရက်အတွင်း အရုဏ်ဆွမ်း၊ နေ့ဆွမ်းလှူဒါန်းလိုပါက ဖုန်း- ၀၉-၅၀၅၉၄၇၃နှင့် ၆၁၀၂၃၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြသည်။ ယင်းတရားစခန်းပွဲကိုရိပ်သာပဓာနနာယက သာသနာပြု နယ်လှည့်ဓမ္မ ကထိကအဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ အရှင်ပညာဘာသနှင့်ဦးဓမ္မိသရ မြောက်ဥက္ကလာပတို့က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များကိုဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ဩဂုတ် ၈ ရက်က လှိုင်သာယာမြို့နယ် သမိုင်းဝင် သက်သာပန်းတောင်း ရွှေရင်အေးစေတီတော်မြတ်ကြီး၏ တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲ အခမ်းအနားကို အဆိုပါစေတီတော်၏မြောက်ဘက် အာရုံခံတန်ဆောင်း၌ ကျင်းပရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရွှေနှင့် ဂေါပကအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အလှူရှင်များက မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်အမှူးပြုသောဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (၃၂၉)

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ၁၅ ရပ်ကွက် အနီဃာလမ်းနေ ကွယ်လွန်သူဖခင် ဦးကျော်ငြိမ်း (ဒု-အင်ဂျင်နီယာချုပ်၊ လျှပ်စစ်) အားရည်စူး၍ ကျန်ရစ်သူမိသားစုတို့က လေးထပ်ဘိုးဘွားဆောင် သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွား ရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ကြေးမုံ The Mirror — ပြည်သူ့ထံမှ ပေးစာ

ရထားပေါ် ဆေးလိပ်သောက်မှု တားဆီးပေးပါ

စာတည်းခင်ဗျား-

လှော်ကား-ရန်ကုန် ပြေးဆွဲနေသော ရထားပေါ်တွင် ဆေးလိပ်သောက်သူအများအပြားရှိရာ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများ အပါအဝင် ရထားစီး ခရီးသည်များ ဆေးလိပ်ငွေ့ ရှူရှိုက်နေရပါသဖြင့် ကျန်းမာရေး ထိခိုက်စေပါသည်။

သို့ဖြစ်ပါ၍ အများပြည်သူ သွားလာနေသော ရထားပေါ်တွင် ဆေးလိပ် မသောက်စေရေး ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ခရီးသည်တစ်ဦး

လမ်းပိတ်ဆို့မှု ရှင်းလင်းပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက် ကောလိယ လမ်းတစ်လျှောက်တွင် ဆိုင်ခန်းများနှင့် ဈေးရောင်းသူများ များပြားလာလျက်ရှိရာ လမ်းပိတ်ဆို့နေပါသဖြင့် ခရီးသွားများနှင့် ယာဉ်များ၊ ဆိုက်ကားများ မကြာခဏ ထိခိုက်မှုများ ကြုံတွေ့ကြရပါသည်။ သို့ဖြစ်ပါ၍ အဆိုပါလမ်း ပိတ်ဆို့မှုကို ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ခရီးသွားများ

ပြည်သူ့ထံမှ ပေးစာ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာ ကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

အုန်းမှုတ်ခွံ ခြင်နှံ့ ပတ်ဝန်းကျင်ပျံ့နှံ့

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ် (၃)ရပ်ကွက် ပုလဲဂေဟာ လမ်းသွယ်ရှိ အိမ်တစ်အိမ်တွင် ထင်းနှင့် အုန်းမှုတ်ခွံများကို လောင်စာအဖြစ် အသုံးပြု၍ မုန့်ဖုတ်သည့်လုပ်ငန်း လုပ်ကိုင်လျက်ရှိရာ မီးခိုးနံ့နှင့် ညှော်နံ့များကို ပတ်ဝန်းကျင်နေသူများ နေ့စဉ်ရှူရှိုက် နေရပါသဖြင့် ကျန်းမာရေးကို ထိခိုက်စေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းအား စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ညှော်နံ့မခံနိုင်သူ

ရေမြောင်းပိတ်ဆို့ အုန်းပင် ခုတ်ထွင်ပေးစေချင်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ တာမွေမြို့နယ် (၁၃၃)လမ်း ပုဏ္ဏားကုန်းရပ်ကွက်ရှိ ရေမြောင်းအတွင်းတွင် အုန်းပင်တစ်ပင် ပေါက်ရောက်ပိတ်ဆို့မှုကြောင့် ရေမြောင်းမှ ရေဆိုးရေပုပ်များ လျှံတက်ကာ လမ်းပေါ်သို့စီးဆင်းနေသည့်အပြင် မြောင်းအတွင်း ရေစီးရေလာ မကောင်းသောကြောင့် ခြင်များပေါက်ဖွားကာ ကျန်းမာရေးထိခိုက်နိုင်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအုန်းပင်အား ခုတ်ထွင်ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

၁၃၃ လမ်းသားများ

ကျူးကျော်တဲများ ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ထောက်ကြန့် (၃) ရပ်ကွက် လမ်းသစ်လမ်းနှင့် ဆက်သွယ်လျက်ရှိသော အောင်သုခလမ်းနှင့် အောင်ရတနာလမ်းကြားတွင် ကျူးကျော်တဲများ ဆောက်လုပ်နေထိုင်လျက်ရှိရာ လူသွားစင်္ကြံပိတ်ဆို့နေသဖြင့် လမ်းသွားလမ်းလာများ အခက်အခဲရှိပါသည်။ ထို့အပြင် တဲအချို့တွင် ဝက်နှင့် နွားများ မွေးမြူထားသဖြင့် မစင်အနံ့များကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေး ထိခိုက်စေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ကျူးကျော်တဲများကို ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

ကားဘော်ဒီထုသံ ဆူညံ၊ ညှော်နံ့နံ

စာတည်းရှင့်-

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း) (၁၀၇)ရပ်ကွက် ရတနာပုံ လမ်းမကြီးရှိ ကားဘော်ဒီရုံတစ်ခုသည် လမ်းပေါ်တွင် ကားဘော်ဒီများကို ပြုပြင်လုပ်ကိုင်လျက်ရှိရာ ဆူညံသံများထွက်ပေါ်နေပြီး ဂဟေဆော်သည့် ခဲနံ့၊ ညှော်နံ့များကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက် ဖြစ်ကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းအား လိုအပ်သလို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရတနာပုံလမ်းသူ

မိလ္လာကန်ပြည့်လျှံမှု ဆောင်ရွက်ပြီးစီး

၂၂-၁၂-၂၀၀၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ဗိုလ်တထောင်မြို့နယ် (၄)ရပ်ကွက် ကမ်းနားလမ်း၊ (၅၃)လမ်းနှင့် (၅၄)လမ်းကြားရှိ တိုက်ခန်းများမှ **မိလ္လာကန်ပြည့်လျှံအနံ့ဆိုးနံ့** ပေးစာနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့တော်စည်ပင်

အမျိုးသမီးဆောင် အိမ်သာသန့်ရှင်းမှု ဆောင်ရွက်ပြီးစီး

၂-၈-၂၀၀၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ မကွေးမြို့ ကန်သာရပ် မေတ္တာလမ်းမှ **အမျိုးသမီးဘော်ဒါဆောင် အိမ်သာသန့်ရှင်းမှုရှိရေး ကြပ်မတ်ပေးပါ** ပေးစာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

ဈေးအိမ်သာ သန့်ရှင်းပြီးစီး

၂-၈-၂၀၀၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ကျိုက်လတ်မြို့ မြို့မ ဈေးကြီးအတွင်းရှိ **ဈေးအိမ်သာသန့်ရှင်းစေချင်** ပေးစာနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)၏ (၁၂)ကြိမ်မြောက် ဘွဲ့ယူလက်ရာမွန်ပြပွဲနှင့် စင်တင် တင်ဆက်မှုအခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၁၆

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တတိယနှစ်၊ ဒုတိယနှစ် (ဂုဏ်ထူးတန်း)နှင့် ဘွဲ့လွန် အနုပညာ ဒီပလိုမာကျောင်းသား ကျောင်းသူများ၏ (၁၂)ကြိမ်မြောက် ဘွဲ့ယူလက်ရာမွန်ပြပွဲနှင့် စင်တင် တင်ဆက်မှု အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်း၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဦးတင်စိုး၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်များ၏ ကောင်စီဝင်များ၊ ပညာရေးအဖွဲ့ဝင်များ၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ သဘင်၊ ဂီတနှင့် ရုပ်ရှင်ပညာရှင်များ၊ ဖိတ်ကြားထားသူများ၊ ဘွဲ့ယူကြမည့် ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် တာဝန်ရှိသူများသည် အမျိုးသားဇာတ်ရုံ၌ ခင်းကျင်း ပြသထားသည့် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်)၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် ပန်းချီပညာ အထူးပြုဖြင့် ဘွဲ့ယူကြမည့် ကျောင်းသား၊ ကျောင်းသူများ၏ လက်ရာမွန် ပန်းချီကားများကို လည်းကောင်း၊ ပန်းပု ပညာအထူးပြုဖြင့် ဘွဲ့ယူကြမည့် ကျောင်းသား ကျောင်းသူများ၏ ပန်းပုရုပ်တုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် တာဝန်ရှိသူများသည် ဂီတအထူးပြုနှင့် သဘင်အထူးပြုတို့ဖြင့် ဘွဲ့ယူကြမည့် ကျောင်းသား ကျောင်းသူများ၏ တင်ဆက်မှု အစီအစဉ်များနှင့် ပျဉ်းမနား မြင့်လှိုင် ရေးသားသော 'ကျားဆိုးလာရင် မြားမိုးရွာမယ်' ရုပ်သေးဇာတ်လမ်းနှင့် 'အာနန္ဒာလို စိတ်ဓာတ်'ဇာတ်ကြီး တင်ဆက်မှုတို့ကို ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် အနုပညာဦးစီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် ပန်းချီပညာ အထူးပြုဖြင့် ဘွဲ့ယူကြမည့် ကျောင်းသား၊ ကျောင်းသူများ၏ လက်ရာမွန် ပန်းချီကားများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးဉာဏ်ဝင်း အင်ဒိုနီးရှားသမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၁၇

၂၀၀၈ခုနှစ် ဩဂုတ် ၁၇ရက်တွင် ကျရောက်သော အင်ဒိုနီးရှား သမ္မတနိုင်ငံ၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ-နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာအင်ဟာဆန်ဝီရာယုဒထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ မေတ္တာအခါတော်နေ့ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၆

ကိုးမိုင် မဟာစည်သာသနာ့ရိပ်သာ၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ သက်လွှတ်ပွဲနှင့် မေတ္တာပို့ ရွတ်ဆိုပူဇော်ပွဲ အခမ်းအနားမင်္ဂလာကို ရိပ်သာအတွင်း မဟာစည်ဓမ္မာရုံကြီး၌ ယနေ့နံနက် ၈ နာရီတွင် ကျင်းပရာ ဟိတေသီအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ထွန်းက နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဘုရားကန်တော့ကာ မေတ္တာအခါတော်နေ့ မင်္ဂလာအခမ်းအနားကို ဖွင့်လှစ်ပြီး ဟိတေသီအဖွဲ့ဝင် ရဟန်း၊ ရှင်၊ လူ၊ ယောဂီများက မေတ္တာသုတ်ပါဠိတော်၊ မေတ္တာသုတ် မြန်မာပြန် ရှစ်လုံးဘွဲ့ကဗျာများဖြင့် ညီညီညာညာ ရွတ်ဆိုပူဇော်ကြသည်။

အစီအစဉ်အရ အတွင်းရေးမှူး ဦးမောင်မောင်ကြည်က သတ္တဝါများအပေါ် မေတ္တာထားကြရန်နှင့် သက်သတ်လွတ်စားခြင်း၏ အကျိုးသက်ရောက်မှုများကို တင်ပြပြီး ကိုးမိုင်မဟာစည်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တကဝိဇ (အဂ္ဂမဟာပဏ္ဍိတ) (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) (အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ) အရှင်သူမြတ်က မေတ္တာဘာဝနာပွားများပုံများကို ရှင်းလင်းဟောကြားတော်မူသည်။

ဆက်လက်၍ ဒေါ်ခင်ညိုဝင်းက ၎င်း၏ မွေးနေ့မင်္ဂလာအဖြစ် မေတ္တာအခါတော်နေ့သို့ ပါဝင်ဆင်နွှဲကြသော ရဟန်း၊ ရှင်၊ လူအပေါင်းအား သက်သတ်လွတ် မေတ္တာဆွမ်း လှူဒါန်းသည်။ ဒေါက်တာတင်ခိုင်မြင့်က အလှူရှင်အသီးသီးတို့ကို ဖတ်ကြားကြေညာ၍ ဆရာတော်ကြီးက ဂုဏ်ပြုလွှာချီးမြှင့်ပြီး မေတ္တာပို့ ရေစက်ချ အနုမောဒနာတရားတော်ချီးမြှင့်သည်။ ဆက်လက်၍ စာကလေးအကောင် ကိုးရာကျော်ကို ကျောင်းပရိဝုဏ်အတွင်း ဘေးမဲ့လွှတ်ပြီး **(အပေါ်ပုံ)** ငါးအကောင် တစ်ထောင်ကျော်ကို မဟာဓမ္မပါလကန်းမြေ စွယ်တော်ကန်၌ ဘေးမဲ့လွှတ်ကြသည်။

(သတင်းစဉ်)

အေးချမ်းခေတ်မီ မြန်မာပြည် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

ရန်ကုန် ဩဂုတ် ၁၆

၂၀၀၉ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံ ဓာတ်ပုံပြိုင်ပွဲကို **"အေးချမ်းခေတ်မီ မြန်မာပြည်"** ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများကို ဖော်ညွှန်း ရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည် ဖြစ်သည်။

ပြိုင်ပွဲဝင် ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ × ၁၄ လက်မ အရွယ်အစား တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပုံအရေအတွက် အကန့်အသတ်မရှိပါဝင်ယှဉ်ပြိုင်နိုင်သည်။ မည်သည့် ကင်မရာ အမျိုးအစားမဆို အသုံးပြုနိုင်ပြီး ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်း၊ ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသည့် ဓာတ်ပုံများကို ယှဉ်ပြိုင်ခြင်းမပြုရ။ ပြိုင်ပွဲတွင် ဆုရရှိသူများအား ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို စက်တင်ဘာ ၂၅ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ ဦးအေးကြွယ် ညွှန်ကြားရေးမှူး(ထုတ်လုပ်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ပေးပို့ရမည် ဖြစ်ကြောင်းနှင့် ယင်းနေ့ရက်ထက် ကျော်လွန်၍ပေးပို့လာသော ဓာတ်ပုံများကို ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၇-၈-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေး ကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၃၀ ၅။ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် - ပုရိသ အိမ်ရှင်မ
၁း၅၀ ၆။ အမျိုးသားရေးတေး ကဗျာ
၁း၅၅ ၇။ အပိတ်နှုတ်ဆက်စကား
၂း၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၂၀ ၅။ မြန်မာသံစဉ် ချိုနားဝင်
၄း၃၀ ၆။ အမျိုးသားရေးတေး ကဗျာ
၄း၃၅ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၄း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၉။ သံစဉ်များနဲ့ကမ္ဘာ
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ အမျိုးသားရေး တေးကဗျာ
၆း၃၅ ၁၃။ အုံ့ဩဖွယ်ရာ ဆပ်ကပ်ပညာ
၆း၄၅ ၁၄။ လျှပ်တစ်ပြက်
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင် ဇာတ်လမ်း - ရာဇဝင်တွင်တဲ့ သူရဲကောင်း (အပိုင်း-၉၆)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေး ကဗျာ
၁၉။ ပဟေဠိနန်းတော်
၂၀။ ကျန်းမာသုတ
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင် ဇာတ်လမ်း "နှင်းတောင်သူရဲကောင်း" အပိုင်း(၁၉)
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

ရန်ကုန် ဩဂုတ် ၁၆

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော ပက်ထရိုနာ့(စ်) မြန်မာ့ရေနံကုမ္ပဏီသည် မုတ္တမကမ်းလွန်လုပ်ကွက် အမှတ် M-12 ၌ MF-1 ရေနံတွင်းကို ရေနံတွင်းတူးစက် NAGA-1 ဖြင့် ၂၀၀၈ ခုနှစ်၊ ဩဂုတ် ၁၅ ရက်မှ အောက်တိုဘာ ၁၅ ရက်ခန့်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

ရေနံတွင်းတူးစက် NAGA-1 ဖြင့် တူးဖော်မည့် MF-1 ရေနံတွင်း၏ တည်နေရာမှာ မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၁၁ မိနစ် ၆ ဒသမ ၉၄၃စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၁ မိနစ် ၃ ဒသမ ၄၅၇ စက္ကန့်တွင် ဖြစ်သည်။

သို့ဖြစ်ပါ၍ မုတ္တမကမ်းလွန် လုပ်ကွက်အမှတ် M-12 ၌ MF-1 ရေနံတွင်းကို ရေနံတွင်းတူးစက် NAGA-1 ဖြင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည် အတွင်းကို ရေကြောင်းသတိပေးချက်(Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။ (သတင်းစဉ်)

မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက် (၂)လမ်းရှိ ရတနာမဥ္ဇူဓမ္မရိပ်သာ ကျောင်းတိုက်၌ ဆောက်လုပ်ဆဲ စိတ္တဝိဝေက လေးထပ်ကျောင်းတော်ကြီးအတွက် လှိုင်မြို့နယ် (၇)ရပ်ကွက် သရက်မြိုင်လမ်းနေ ကွယ်လွန်သူ မိခင် ဒေါ်စော ငါးနှစ်ပြည့်အား ရည်စူး၍ ဒေါ်သန်းသန်းအေးနှင့် မောင်နှမတစ်စုက အလှူငွေကျပ် ငါးသိန်းကို ကမ္မဋ္ဌာနာစရိယ ဆရာတော်အရှင်ဇေယျာနန္ဒ(ပုဂံ) ရှေ့မှောက်၌ လှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေးကော်မတီ နာယက ဦးတင်မောင်အား လက်ခံယူစဉ်။ (ကြေးမုံ)

အခြေခံဝိပဿနာ ရက်တိုတရားစခန်း ဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၆

အကျဉ်းဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိဝိပဿနာအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် အင်းစိန်ဗဟိုအကျဉ်းထောင်တွင် ဒုတိယအကြိမ်မြောက် အခြေခံဝိပဿနာ (၁၀)ရက်တရားစခန်းကို ဩဂုတ် ၄ ရက်မှ ၁၅ ရက်အထိ ယောဂီအကျဉ်းသား ၆၄ ဦးဖြင့် ဖွင့်လှစ်သည်။

တရားစခန်းတွင် လယ်တီဆရာတော်ကြီး၏ နည်းနာနိဿယအတိုင်း တရားပြသခြင်းဖြစ်ကြောင်းနှင့် ပထမအကြိမ် ဝိပဿနာ ၁၀ရက်တရားစခန်းကို ဇူလိုင် ၁၆ရက်မှ ၂၅ရက်အထိ အကျဉ်းသားယောဂီ ၅၀ ဖြင့် ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး သတ္တမအကြိမ် အဆို၊ အက၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၁၆

ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ သတ္တမအကြိမ် အဆို၊ အက၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် မန္တလေးမြို့ အမှတ်(၃) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲရှိ ကဇာတ်ခန်းမ၌ကျင်းပရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းအောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီး ညိုဝင်း၊ မန္တလေးတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး)နှင့် အနုပညာဦးစီးဌာန(မန္တလေး)တို့မှ အကြံပေးပညာရှင်များ၊ အကဲဖြတ်ဒိုင်များ၊ ဧည့်သည်များ၊ ပြိုင်ပွဲဝင်များနှင့် အနုပညာဝါသနာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြိုင်ပွဲများအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများနှင့် အဖွဲ့လိုက်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး ပြဇာတ်ပြိုင်ပွဲဆုရရှိသည့် အဖွဲ့များနှင့် တံခွန်စိုက်ဆုရရှိသော အမှတ်(၃) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲတို့အား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းအောင်က ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြိုင်ပွဲများတွင် ဆုရရှိသူများက အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆုပေးအပ်ချီးမြှင့်

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းအောင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ သတ္တမအကြိမ် အဆို၊ အက၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲတွင် တံခွန်စိုက်ဆုရရှိသော အမှတ်(၃)နယ်လှည့် ပြည်သူ့ဆက်ဆံရေး တပ်ခွဲအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ပြန်ကြားရေး၊ သတင်းထုတ်ပြန်ရေးနှင့် လှုံ့ဆော်ရေး ဆပ်ကော်မတီအစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၁၆

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး၊ ပြန်ကြားရေး၊ သတင်းထုတ်ပြန်ရေးနှင့် လှုံ့ဆော်ရေးဆပ်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ကျင်းပရာ ဆပ်ကော်မတီဥက္ကဋ္ဌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆပ်ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဌေးက အဖွင့်အမှာစကားပြောကြားပြီး ကော်မတီ၏လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင်ဆောင်ရွက်နိုင်ရေးအတွက် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသူများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ တင်ပြဆွေးနွေးပြီး ဆပ်ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များဖြည့်စွက်မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး ၊ အတီးပြိုင်ပွဲ ကျင်းပရေး ပြန်ကြားရေး၊ သတင်းထုတ်ပြန်ရေးနှင့် လှုံ့ဆော်ရေး ဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ဆပ်ကော်မတီဥက္ကဋ္ဌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ICDL အောင်လက်မှတ်များအကြောင်း ဟောပြောပွဲ ၊ အောင်လက်မှတ်ချီးမြှင့်ပွဲနှင့် Spring Board 4 Myanmar မိတ်ဆက်ရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၆

Ocean Gate Education Servicesက ကြီးမှူးကျင်းပသော ICDL (International Computer Driving Licence) အောင်လက်မှတ်များအကြောင်း ဟောပြောပွဲ၊ အောင်လက်မှတ်ချီးမြှင့်ပွဲနှင့် Spring Board 4 Myanmar မိတ်ဆက်ရှင်းလင်းပွဲကို ရန်ကုန်မြို့ Myanmar Info Tech ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဒေါ်ဝါဝါထွန်းက အဖွင့်အမှာစကားပြောကြားသည်။ Spring Board 4 Asia ၏ အမှုဆောင်အရာရှိချုပ် Mr. Colin Glass က ICDLအကြောင်း ဟောပြောဆွေးနွေးပြီး Ocean Gate Education Services ၏ ဒုတိယဥက္ကဋ္ဌ ဒေါ်မေဖြူသွယ်က မြန်မာနိုင်ငံအတွင်း ICDL သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ICDL အောင်လက်မှတ်ရရှိသူများနှင့် ထူးချွန်ဆုရရှိသူများကို ဧည့်သည်တော်များနှင့် Ocean Gate၏ဥက္ကဋ္ဌဦးထင်အောင်ခိုင်တို့က ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုအတွက် သဘောတူစာချုပ်ကို ဦးထင်အောင်ခိုင်နှင့် Mr. Colin Glass တို့က လက်မှတ်ရေးထိုး လဲလှယ်ကြသည်။ ထို့နောက် လုပ်ငန်းဆိုင်ရာအရာရှိချုပ် ဦးသိန်းစိုးက Spring Board 4 Asia အကြောင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအကြောင်း ရှင်းလင်းတင်ပြသည်။

လုပ်ငန်းခွင်ကွန်ပျူတာ အသုံးချကျွမ်းကျင်မှု အရည်အချင်းစစ်အောင်လက်မှတ်ဖြစ်သော ICDL ကို ၂၀၀၇ခုနှစ်မှစပြီး မြန်မာနိုင်ငံတွင် စတင်ခဲ့သည်။ အင်ဂျင်နီယာပုံဆွဲပညာ အသုံးချဆော့ဝဲ(လ်)ဖြစ်သော Auto CAD ကျွမ်းကျင်မှုကို စစ်ဆေးပေးသော ICDL CAD ကိုပါ အောင်မြင်စွာ စစ်ဆေးပေးနေပြီဖြစ်သည်။ Spring Board 4 Myanmar အနေဖြင့် ICDL ကို ယခုထက်ပိုပြီး တွင်တွင်ကျယ်ကျယ် အောင်မြင်လာအောင် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့အပြင် စီးပွားရေးနှင့် ပညာရေးဆိုင်ရာ အတိုင်ပင်ခံ ဆောင်ရွက်ခြင်း၊ နိုင်ငံတကာ အဆင့်မြင့်ပညာရေးနှင့် သက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်သင်ကြားခြင်းတို့ကိုပါ ဆောင်ရွက်သွားမည်ဖြစ်သည်။ စိတ်ဝင်စားသူများနှင့် ပူးပေါင်းဆောင်ရွက်လိုသော အဖွဲ့အစည်းများအနေဖြင့် ရုံးခန်းတည်ရှိရာ အမှတ်(၃၅) အခန်း(၂၀၆)၊ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန် ဖုန်း-၃၈၀၁၃၀သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

Ocean Gate Education Services က ကြီးမှူးကျင်းပသော ICDL အောင်လက်မှတ်များအကြောင်း ဟောပြောပွဲ၊ အောင်လက်မှတ် ချီးမြှင့်ပွဲနှင့် Spring Board 4 Myanmar မိတ်ဆက်ရှင်းလင်းပွဲတွင် Ocean Gate Education Services ဒုတိယဥက္ကဋ္ဌ ဒေါ်မေဖြူသွယ် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

▲ ကျောဖုံးမှ

တံတား တည်ဆောက်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူရှင်ဒေါ်မြမြဌေးက တံတားတည်ဆောက်ရေး အင်ဂျင်နီယာ ဦးလှထွန်းအား ဂုဏ်ပြုလက်ဆောင် ပေးအပ်၍ ရပ်မိရပ်ဖ ဦးကျော်ဝင်းက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြစ်ရေကြီးမှု အခြေအနေ

နေပြည်တော် ဩဂုတ် ၁၆

သံလွင်မြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၁၁ နာရီခွဲ တိုင်းထွာချက်အရ ဘားအံမြို့တွင် စင်တီမီတာ ၈၈၀ သို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် စင်တီမီတာ ၁၃၀ (၄ ဒသမ ၃ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် နောက်ငါးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၇၅၀ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၁၁ နာရီခွဲ တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၁၆၁ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၉၁ စင်တီမီတာ (သုံးပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်ငါးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၇၀ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ပဲခူးမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၁၁ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြို့တွင် ၉၃၁ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၁ စင်တီမီတာ (၀ ဒသမ ၇ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၉၁၀ အောက်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၇-၈-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်၊ ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၇း၅၀	၅။	တေးဂီတအစီအစဉ်
၈း၀၀	၆။	အတီးပြိုင်ပွဲ
၈း၁၀	၇။	သံသာချိုအေး မင်္ဂလာတေး
၈း၂၀	၈။	မြန်မာစာ မြန်မာစကား
၈း၃၀	၉။	International News.
၈း၄၅	၁၀။	အဆိုပြိုင်ပွဲ
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀	၄။	ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၁၂း၀၀	၅။	**မြန်မာဗီဒီယိုဇာတ်လမ်း "ဒေင်ရဲ့သစ်သီး" (ခန့်စည်သူ၊ ထွန်းအိန္ဒြာဗို၊ ခိုင်နှင်းဝေ) [ဒါရိုက်တာ-မောင်နန္ဒ]**
၁း၅၅	၆။	တေးဂီတအစီအစဉ်
၂း၁၀	၇။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၂း၁၅	၈။	အတီးပြိုင်ပွဲ
၂း၃၅	၉။	**ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ**
၂း၄၅	၁၀။	**International News.**
၃း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	တေးဂီတအစီအစဉ်
၄း၂၀	၃။	အတီးပြိုင်ပွဲ
၄း၃၀	၄။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၄၀	၅။	တေးဂီတအစီအစဉ်
၄း၅၅	၆။	ဧရာဝတီအလှတစ်ပါး ရတနာပုံတံတား
၅း၀၀	၇။	ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀	၈။	ညနေခင်းသတင်း
၆း၃၀	၉။	မိုးလေဝသအခြေအနေ
၆း၃၅	၁၀။	တေးဂီတအစီအစဉ်
၆း၄၅	၁၁။	အကပြိုင်ပွဲ
၆း၅၅	၁၂။	တေးဂီတအစီအစဉ်
၇း၁၀	၁၃။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေမင်းသားလေးချစ်ပုံပြင်' (အပိုင်း-၂၃)**
၈း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	**နိုင်ငံခြားဇာတ်လမ်းတွဲ "လူယောင်ဆောင်သော ရွှေငါးနတ်သမီးလေး" (အပိုင်း-၁၄)**
	၁၈။	အစီအစဉ်ပြီး၏။

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသည် ပြည်သူလူထုအား ပြန်ကြားပေးရန်၊ ဖျော်ဖြေပေးရန်၊ အသိပညာပေးရန် စသည့်ဆောင်ပုဒ်များနှင့်အညီ ဩဂုတ် ၁၃ ရက်က အထက(၃)၌ နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ၊ ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် မြို့နယ်လှုပ်ရှားမှု ဓာတ်ပုံပြပွဲ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စီစီအောင်နှင့် မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝင်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ပေကျင်းအိုလံပစ်ပွဲတော်တွင် အမျိုးသားတစ်ဦးချင်း မြားပစ်ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်၌ ယူကရိန်းနိုင်ငံမှ ဗိုက်တာရူဘင် ပြိုင်ပွဲဝင်နေသည်ကို ဩဂုတ် ၁၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂါဇာကမ်းမြောင်ရှိ လူဖြတ်ကူးလမ်းကို အစ္စရေးက ပိတ်ပင်

ဂါဇာ ဩဂုတ် ၁၆

ပါလက်စတိုင်း စစ်သွေးကြွများက ရော့ကက်ဒုံးကျည်များဖြင့် အစ္စရေးနိုင်ငံအတွင်းသို့ ပစ်ခတ်ပြီးနောက် အစ္စရေးနှင့် ထိစပ်နေသည့် နယ်စပ်ဒေသမှ စီးပွားရေးအရ အချက်အချာကျသော နယ်စပ်လူကူးလမ်းကို ပိတ်ပင်ရန် အစ္စရေးကာကွယ်ရေးဝန်ကြီး အီဟွတ်ဘာရတ်က အမိန့်ပေးလိုက်ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အစ္စရေးတောင်ပိုင်း ဒေသတွင် ရော့ကက်ဒုံးကျည်ဖြင့် အပစ်ခံရပြီးနောက် နယ်စပ်ရှိ လူဖြတ်ကူးလမ်းကို ပိတ်ပင်ရန် ဘာရတ်က အစ္စရေးစစ်ဘက်သို့ အမိန့်ပေးထုတ်ပြန်သည်ဟု အာရေဗျသတင်းဌာနက ဖော်ပြသည်။

တနင်္လာနေ့တွင် အမည်မသိ ပါလက်စတိုင်း စစ်သွေးကြွများက အိမ်လုပ် ရော့ကက်ဒုံးကျည်များဖြင့် မြောက်ပိုင်းဂါဇာဒေသမှ အစ္စရေး အက်စ်ဒါရော့မြို့အား ပစ်ခတ်ခဲ့ကြောင်း၊ သို့ရာတွင် သေဆုံးသူနှင့် အပျက်အစီးမရှိဟု သိရသည်။

ဖော်ပြပါ တိုက်ခိုက်မှုအတွက် မည်သည့်အုပ်စုကမျှ တာဝန်ရှိကြောင်း ကြေညာခြင်းမရှိပေ။ စနေနေ့တွင် အစ္စရေးတောင်ပိုင်းသို့ ရော့ကက်ဒုံးကျည်သုံးစင်း ပစ်ခတ်ခဲ့သဖြင့် အစ္စရေးမှ သီးနှံစိုက်ပျိုးထားသည့် မှန်လုံအိမ်များ ထိခိုက်ပျက်စီးခဲ့ရသည်။

အင်တာနက်။

နိုင်ငံတကာသတင်းများ

ဖိလစ်ပိုင်တောင်ပိုင်း၌ တိုက်ပွဲများပြင်းထန် ဒေသတွင်းမှ ပြည်သူ ၁၆၀၀၀၀ ထွက်ပြေးကြရ

မနီလာ ဩဂုတ် ၁၆

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် အစိုးရတပ်ဖွဲ့များနှင့် သူပုန်များအကြား တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားမှုကြောင့် ယင်းဒေသတွင်းရှိ ပြည်သူ ၁၆၀၀၀၀ ခန့် အိုးအိမ်ပစ်ကာ ထွက်ပြေးရခြင်းနှင့်ပတ်သက်၍ ကုလသမဂ္ဂက စိုးရိမ်ပူပန်လျက်ရှိကြောင်း ဩဂုတ် ၁၃ ရက်က ပြောကြားသည်။

မြောက်ကိုတာဘာတိုပြည်နယ်တွင် မော်ရိုအစ္စလာမ့်စ် လွတ်မြောက်ရေးတပ်ဦး (အမ်အိုင်အယ်အက်ဖ်) သူပုန်များ ခိုအောင်းရာနေရာများကို စစ်ဘက်က စိန်ပြောင်းများဖြင့် ပစ်ခတ်ပြီး လေကြောင်းမှ တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသည်။ သို့ဖြစ်၍ စစ်ဘေးမှ လွတ်မြောက်ရန်အတွက် လွန်ခဲ့သော တနင်္ဂနွေနေ့ကတည်းက ကျေးရွာ ၁၅ ရွာမှ ရွာသားများသည် ထွက်ပြေးခဲ့ကြရသည်။

ဖိလစ်ပိုင်အစိုးရက ဒေသတွင်းရှိ ကတ်သိုလစ်လယ်ယာမြေများကို အမ်အိုင်အယ်အက်ဖ်သူပုန်များက သိမ်းပိုက်ထားသည်ဟုစွပ်စွဲပြီး ယင်းဒေသမှ ထွက်ခွာရန် ရာဇသံပေးခဲ့သည်။ အမ်အိုင်အယ်အက်ဖ် သူပုန်များက ဩဂုတ် ၁၃ ရက်တွင် ၎င်းတို့တပ်ဖွဲ့များ မြောက်ကိုတာဘာတိုပြည်နယ်ရှိ ကျေးရွာများမှ ထွက်ခွာပေးမည်ဟု ပြောကြားသည်။ သို့သော် ပြည်နယ်အတွင်းရှိ ကျေးရွာများကို စစ်ဘက်က ပစ်ခတ်နေသည်ဟု သူပုန်များက ပြန်လည်စွပ်စွဲ ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

နယူးဇီလန် ပါလီမန်အဆောက်အအုံ၌ အဖြူမှုန့်များကြောင့် အထိတ်တလန့်ဖြစ်

ဝယ်လင်တန် ဩဂုတ် ၁၆

နယူးဇီလန်နိုင်ငံ ပါလီမန်အဆောက်အအုံအတွင်း ဩဂုတ် ၁၃ ရက်က အဖြူရောင်အမှုန့်များ တွေ့ရှိသောကြောင့် အထိတ်တလန့်ဖြစ်ပွားခဲ့ရာ မီးသတ်ယာဉ်များနှင့် လူနာတင်ယာဉ်များ အပြေးအလွှား သွားရောက်ခဲ့ရသည်။

ထိုအဆောက်အအုံ၏ ရှစ်ထပ်တွင် တွေ့ရသည့် ပွင့်ထွက်နေသော စာအိတ်တွင်းမှ အဖြူရောင်အမှုန့်များကို လူအချို့က စူးစမ်းကြည့်ရှုနေကြကြောင်း၊ ၎င်းတို့သည် ထိုအမှုန့်များကြောင့် မည်သည့်ဝေဒနာကိုမျှ ခံစားရခြင်းမရှိကြောင်း ဝန်ကြီးချုပ် ဟဲလင်ကလက်စ်၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အဆိုပါအဆောက်အအုံ၏ ရှစ်ထပ်တွင် ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဌာန၏ ရုံးခန်းများရှိကြောင်း နယူးဇီလန်ရေဒီယိုက ဖော်ပြသည်။ အခင်းဖြစ်ပွားချိန် ဝန်ကြီးချုပ်သည် ထိုနေရာတွင် မရှိချေ။

ရှစ်ထပ်နေလူများကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးပြီး ပိုးမွှားသန့်စင်မှုများကို ပြုလုပ်ခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အခြားအထပ်ရှိလူများကိုရွှေ့ပြောင်းခြင်းမရှိချေ။ အဆောက်အအုံကိုလည်း ပုံမှန်အတိုင်း ဖွင့်လှစ်ထားသည်။ အဆိုပါစာအိတ်ကို ဝန်ကြီးချုပ်၏ရုံးခန်းမှ ဝန်ထမ်းတစ်ဦးက ဖွင့်ဖောက်ခြင်းဖြစ်သည်။ သို့သော် ထိုစာအိတ်ပေါ်၌ ဝန်ကြီးချုပ်သို့ လိပ်မူထားခြင်း ရှိ၊ မရှိကို အတည်ပြု ပြောကြားခြင်းမရှိကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ဒီယာလာပြည်နယ်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဩဂုတ် ၁၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပေကျင်း၌ ကုန်တင်ကားနှင့် အိုလံပစ်ပွဲမှဘတ်စ်ကားတိုက်မိ နှစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရ

ပေကျင်း ဩဂုတ် ၁၆

ပေကျင်းအိုလံပစ်ပွဲမှ ဘတ်စ်ကားတစ်စီးနှင့် ကုန်တင်ဗင်ကားတစ်စီးတို့ တိုက်မိရာ လူနှစ်ဦးသေဆုံးပြီး အိုလံပစ် အားကစားသမားနှစ်ဦး အပါအဝင် လေးဦး ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူတစ်ဦးက ကြာသပတေးနေ့တွင် ပြောကြားသည်။

အဆိုပါယာဉ်မတော်တဆတိုက်မှုကြောင့် ဘတ်စ်ကားပေါ်ရှိ ခရိုအေးရှားနိုင်ငံကိုယ်စားပြု အားကစားသမားနှစ်ဦး ဒဏ်ရာအနည်းငယ်ရရှိပြီး ဗင်ကားပေါ်ရှိလေးဦးအနက် နှစ်ဦးသေဆုံးကာ နှစ်ဦးဒဏ်ရာရရှိကြောင်း၊ ၎င်းတို့အားလုံးသည် ဒေသခံများဖြစ်ကြောင်း (၂၉) ကြိမ်မြောက် ပေကျင်း အိုလံပစ်ပွဲတော် ကျင်းပရေးကော်မတီ၏ ပြောရေးဆိုခွင့်ရှိသူက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ယာဉ်မတော်တဆမှုသည် ဩဂုတ် ၁၃ ရက် မွန်းလွဲ ၂ နာရီခန့်က ကားလမ်းဆုံတစ်ခု၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အိုလံပစ်ပွဲမှ ဘတ်စ်ကားတွင် ခရိုအေးရှား အားကစားသမားနှစ်ဦး၊ ခရိုအေးရှားအသင်း နည်းပြတစ်ဦး၊ စေတနာ့ဝန်ထမ်းတစ်ဦးနှင့် ကနေဒါနှင့် ဩစတြေးလျနိုင်ငံ ကိုယ်စားပြု အားကစားသမားအချို့တို့ကို တင်ဆောင်လာပြီး အိုလံပစ်ကျေးရွာမှ အိုလံပစ်ကနူးလှေပြိုင်ပွဲကျင်းပရာ ပေကျင်းမြို့ ဆင်ခြေဖုံးရှိ ရှန်ယီအရပ်သို့ ထွက်ခွာလာစဉ် ယာဉ်တိုက်မှု ဖြစ်ပွားခြင်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

သီရိလင်္ကာ၌ တိုက်ခိုက်မှုဖြစ် သေဆုံးသူ ၃၂ ဦးအနက် သူပုန် အများစုပါဝင်

ကိုလံဘို ဩဂုတ် ၁၆

သီရိလင်္ကာနိုင်ငံ မြောက်ပိုင်းစွန်းဒေသတွင် တိုက်ပွဲများ ထပ်မံဖြစ်ပွားရာ သီရိလင်္ကာတပ်ဖွဲ့များ၏ တိုက်ခိုက်မှုကြောင့် တမီးလ်ကျားသူပုန် ၂၆ ဦး သေဆုံးကြောင်း ဩဂုတ် ၁၂ ရက်တွင် စစ်ဘက်က ပြောကြားသည်။

နိုင်ငံမြောက်ပိုင်း ဒေသများအတွင်းရှိ သူပုန်စခန်းများကို သီရိလင်္ကာလေတပ်က ထပ်မံဗုံးကြဲတိုက်ခိုက်ခဲ့သည်။

အဆိုပါတိုက်ခိုက်မှုတွင် တပ်ဖွဲ့ဝင်ခြောက်ဦး သေဆုံးပြီး ၂၂ ဦး ဒဏ်ရာရရှိကြောင်း လုံခြုံရေးအဖွဲ့က ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ထိုင်းနိုင်ငံ နာရာသီဝပ်ပြည်နယ်တွင် ဩဂုတ် ၁၀ ရက်က စစ်သွေးကြွများ မီးရှို့မှုကြောင့် ပျက်စီးသွားသော အဆောက်အအုံအချို့ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗီယက်နမ်၌ သံမဏိစက်မှုဇုန် တည်ဆောက်ရေး အိန္ဒိယကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်မည်

ဟနွိုင်း ဩဂုတ် ၁၆

ကမ္ဘာပေါ်တွင် သံမဏိထုတ်လုပ်မှု၌ အဆင့်ခြောက်နေရာရရှိထားသည့် အိန္ဒိယနိုင်ငံ၏ တာတာသံမဏိကုမ္ပဏီနှင့် ဗီယက်နမ်နိုင်ငံ ကော်ပိုရေးရှင်းနှစ်ခုတို့ ပူးပေါင်း၍ ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ဟာတင်ပြည်နယ်တွင် သံမဏိစက်မှုဇုန် တည်ဆောက်ရန် အမေရိကန်ဒေါ်လာ ငါးဘီလီယံ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ကြာသပတေးနေ့ထုတ် ဗီယက်နမ်စီးပွားရေးတိုင်း(မ်)သတင်းစာက ရေးသားဖော်ပြသည်။

တာတာသံမဏိကုမ္ပဏီ၊ ဗီယက်နမ်သံမဏိထုတ်လုပ်ရေး ကော်ပိုရေးရှင်းနှင့် ဗီယက်နမ်အမျိုးသား ဘိလပ်မြေထုတ်လုပ်ရေး ကော်ပိုရေးရှင်းတို့သည် ဩဂုတ် ၁၃ ရက်တွင် လုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးအတွက် သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

သံမဏိလုပ်ငန်းကို အဆင့်သုံးဆင့်ခွဲ၍ တည်ထောင်သွားမည်ဖြစ်သည်။ ၂၀၀၈ ခုနှစ်မှ ၂၀၁၃ ခုနှစ်ထိကာလတွင် ပထမနှင့် ဒုတိယအဆင့်လုပ်ငန်းများကို တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။ လုပ်ငန်းမှ နှစ်စဉ် သံမဏိတန် ၄ ဒသမ ၆ သန်း ထုတ်လုပ်နိုင်မည်ဖြစ်သည်။

ယင်းသံမဏိဇုန် တည်ဆောက်မှုလုပ်ငန်းများသည် ၂၀၁၅ ခုနှစ်တွင် လုံးဝပြီးစီးမည်ဖြစ်ပြီး ထိုအချိန်တွင် ယင်းဇုန်၌ လုပ်သားပေါင်း ၂၀၀၀၀ တို့အား အလုပ်အကိုင်များ ပေးထားနိုင်မည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

တောင်ပိုင်းအော်ဆက်တီးယားဒေသ ပဋိပက္ခ အပစ်အခတ်ရပ်စဲရေး ဂျော်ဂျီယာသမ္မတ လက်မှတ်ရေးထိုး

တစ်ဘလီဆီ ဩဂုတ် ၁၆

ဂျော်ဂျီယာနိုင်ငံသမ္မတ မီခေးလ်ဆာကာရှီဗလီသည် တောင်ပိုင်းအော်ဆက်တီးယားပဋိပက္ခကို ဖြေရှင်းရန်အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ဩဂုတ် ၁၅ ရက်က လက်မှတ်ရေးထိုးလိုက်ပြီဖြစ်သည်။

လက်မှတ်ရေးထိုးအပြီးတွင်ဂျော်ဂျီယာသမ္မတသည် သတင်းစာရှင်းလင်းပွဲကို ဆက်လက်ပြုလုပ်သည်။ ယခုလောလောဆယ် လုပ်ရမည့်အလုပ်မှာ အပစ်အခတ်ရပ်စဲရေး တည်ဆောက်ရန်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့်တက်၍ ငြိမ်းချမ်းရေးတည်ဆောက်ရန် အစပျိုးလုပ်ဆောင်ရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယခုအစပျိုးထားသော အပစ်အခတ်ရပ်စဲရေးသည် တောင်ပိုင်းအော်ဆက်တီးယားပြည်နယ်အတွင်း ဖြစ်ပွားနေသော ပဋိပက္ခပြဿနာများကို ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေးအဆင့်သို့ရောက်အောင် ဖော်ဆောင်နိုင်မည်ဟု မျှော်လင့်ကြောင်း ဂျော်ဂျီယာသမ္မတက ဖြည့်စွက်ပြောကြားသွားသည်။ ***[ယခုအခါ ရုရှားနှင့်ဂျော်ဂျီယာတို့ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးကြပြီးဖြစ်သည်။]*** အင်တာနက်။

တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားပြီး ပျက်စီးနေသော တောင်ပိုင်းအော်ဆက်တီးယား ခွဲထွက်ဒေသအနီးရှိ ဂျော်ဂျီယာနိုင်ငံ ဂိုရီမြို့မှ လူနေအဆောက်အအုံများကို ဩဂုတ်၁၄ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အိန္ဒိယ၌ ဘတ်စ်ကားတစ်စီး မြစ်ထဲထိုးကျ ၁၅ ဦးသေဆုံး

ဘင်္ဂလော(အိန္ဒိယ) ဩဂုတ် ၁၆

အိန္ဒိယနိုင်ငံ တောင်ပိုင်းတွင် ဩဂုတ် ၁၄ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဘတ်စ်ကား တစ်စီး လမ်းချော်ပြီး မြစ်အတွင်းသို့ ထိုးကျရာ ကလေး ၁၃ ဦးနှင့် လူကြီး နှစ်ဦးသေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မြစ်အတွင်း မျောပါသွားသည့် ကလေး ၁၄ ဦးကို ကယ်တင်နိုင်ခဲ့ပြီး အခြားခုနစ်ဦးကို ကယ်ဆယ်ရေး အဖွဲ့က ရှာဖွေလျက်ရှိသည်။

ကာနာတာကာပြည်နယ် မန်ဂလော်ဆိပ်ကမ်းမြို့၌ မိုးသည်းထန်စွာ ရွာသွန်းရာ ယာဉ်မောင်းသည် ဘတ်စ်ကားကို မထိန်းနိုင်ဘဲ လမ်းချော်ကာ မြစ်ထဲသို့ ထိုးကျသွားခြင်း ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အာကင်ဆောပြည်နယ် ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ သေနတ်ဖြင့် ပစ်ခတ်ခံရ၍ သေဆုံး

ဝါရှင်တန် ဩဂုတ် ၁၆

အမေရိကန်နိုင်ငံ အာကင်ဆောပြည်နယ် ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဘီလ်ဂွပ်နီသည် ဩဂုတ် ၁၃ ရက်က သေနတ်ဖြင့် ပစ်သတ်ခံခဲ့ရသည်။ နိုင်ငံ၏လှုပ်ရှားမှုတွင်စေတနာ့ဝန်ထမ်းအဖြစ်ပါဝင်လိုသည်ဟု ဆိုသူတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု လစ်တဲလ်ရော့ခ်အရပ်ရှိ ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

သေဆုံးသူဥက္ကဋ္ဌ ဘီလ်ဂွပ်နီသည် အသက် ၄၈ နှစ်အရွယ်ရှိကာ ပစ်ခတ်ခံရပြီးနောက် လေးနာရီအကြာတွင် သေဆုံးခဲ့ရသည်။ အထက်လွှတ်တော်အမတ်ဟောင်းတစ်ဦးဖြစ်သူ ဂွပ်နီသည်ဒီမိုကရက်တစ်အမျိုးသားညီလာခံသို့ တက်ရောက်ရန်စီစဉ်ချိန်တွင် ယခုကဲ့သို့ ပစ်သတ်ခံခဲ့ရခြင်းဖြစ်သည်။

သေနတ်ဖြင့်ပစ်ခတ်ခဲ့သူဟု သံသယဖြစ်ခံရသူသည် အသက် ၅၀ ခန့်ရှိသူဖြစ်ပြီး အမည်မသိရသေးပေ။ ထို့အပြင် အဘယ့်ကြောင့် သတ်ရသည်ဆိုသော ရည်ရွယ်ချက်ကိုလည်း မသိရသေးပေ။ ရဲတပ်ဖွဲ့က ၎င်းနောက်သို့ မိုင် ၃၀ အကွာအထိ လိုက်လံဖမ်းဆီးရာတွင် အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားပြီး အဆိုပါသေနတ်သမား သေဆုံးခဲ့ရသည်။

အင်တာနက်။

အမေရိကန်စျေးကွက်တွင် ရေနံဝယ်လိုအားအခြေအနေ ၂၆ နှစ်အတွင်း အကြီးမားဆုံးကျဆင်း

ဝါရှင်တန် ဩဂုတ် ၁၆

အမေရိကန်နိုင်ငံ၏ရေနံစျေးကွက်တွင် ရေနံဝယ်လိုအားသည် ၂၀၀၈ ခုနှစ်၏ ပထမနှစ်ဝက်တွင် တစ်နှစ်တာလုံး အခြေအနေနှင့် နှိုင်းယှဉ်ကြည့်ပါက တစ်နေ့လျှင် ပျမ်းမျှစည်ပေါင်း ၈၀၀၀၀၀ ခန့်အထိ ကျဆင်းသွားသည်။ ထိုကျဆင်းမှုသည် လွန်ခဲ့သည့် ၂၆ နှစ်က ဝယ်လိုအားပမာဏနှင့်ယှဉ်လျှင် အကြီးမားဆုံး ကျဆင်းမှုပင်ဖြစ်သည်ဟု စွမ်းအင်စီမံခန့်ခွဲမှု သတင်းထုတ်ပြန်ရေးဌာန (အီးအိုင်အေ)က အင်္ဂါနေ့တွင် ပြောကြားသည်။

ထုတ်ပြန်

ရေနံစျေးနှုန်းများသည် စျေးကွက်၌ အဆမတန် ကြီးမြင့်လာသည်သာမက အမေရိကန်နိုင်ငံ၏ စီးပွားရေးကျဆင်းလာမှုဂယက်များကြောင့် ယခုကဲ့သို့ အမေရိကန်နိုင်ငံ၏ ရေနံဝယ်လိုအား သိသာစွာကျဆင်းသွားခြင်းဖြစ်သည်ဟု အီးအိုင်အေဌာနက ထုတ်ပြန်သည်။

အမေရိကန်ရေနံစျေးကွက်၌ဝယ်လိုအားကျဆင်းသွားသော်လည်း ကမ္ဘာ့စျေးကွက်တွင်၌မူ ရေနံဝယ်လိုအားသည် ခြောက်လတာကာလအတွင်း ပျမ်းမျှအားဖြင့် တစ်ရက်လျှင် ရေနံစည် ၅၀၀၀၀၀ အထိ မြင့်တက်လာသည်။

ရေနံလုပ်ငန်းဆိုင်ရာ ခွဲခြမ်းစိတ်ဖြာလေ့လာသူများက အမေရိကန်၏ ရေနံဝယ်လိုအားသည် ၂၀၀၉ ခုနှစ်တွင် ၂၀၀၈ ခုနှစ်ကထက် ကျဆင်းမည်သာမက လာမည့်သုံးနှစ်၌လည်း ဝယ်လိုအား ဆက်လက်ကျဆင်းမည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့၌ ကာဒစ်ဆန္ဒပြသူများ မီးရှို့ဖျက်ဆီးခဲ့သည့် ယာဉ်များကို ဩဂုတ် ၁၄ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဂျာမနီနိုင်ငံ ရပ်ဆဲလ်ရှိုင်းဒေသ၌ တိုက်ခိုက်မှုဖြစ်ပွား အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးသေဆုံး

ဘာလင် ဩဂုတ် ၁၆

ဂျာမနီနိုင်ငံ ရပ်ဆဲလ်ရှိုင်းဒေသရှိ အိုင်ကရင်းကဖေးဆိုင်၌ ဩဂုတ် ၁၂ ရက်က ဖြစ်ပွားသည့် တိုက်ခိုက်မှုနှင့် ဆက်နွယ်နေသော တူရကီနှစ်ဦးအား ဂျာမန်ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။ အဆိုပါတိုက်ခိုက်မှုကြောင့် အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦး သေဆုံးပြီး အခြားအမျိုးသားတစ်ဦးမှာ ဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း ဗုဒ္ဓဟူးနေ့တွင် တာဝန်ရှိသူများက ပြောကြားသည်။

ဒေသစံတော်ချိန် ည ၈နာရီခန့်က ကဖေးဆိုင်၌ လူလေးဦး၊ ငါးဦးပါဝင်သောအုပ်စုက အခြားလူ သုံးလေးဦးကို သေနတ်များ၊ ဓားများကို အသုံးပြုပြီး တိုက်ခိုက်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ဝက်စ်ဒါဒန်၌ပြုလုပ်သော ရုပ်သံကွန်ဖရင့်တွင် ပြောကြားသည်။

အသက် ၂၉ နှစ်အရွယ်ရှိ တူရကီအမျိုးသားတစ်ဦးသည် အခင်းဖြစ်ပွားရာနေရာ၌ သေဆုံးပြီး တိုက်ခိုက်သူတစ်ဦးဖြစ်သော ၂၆ နှစ်အရွယ်ရှိ တူရကီတစ်ဦး သေဆုံးကာ ၎င်း၏အစ်ကိုဖြစ်သူ ၃၂ နှစ်အရွယ်ရှိသူတစ်ဦးလည်း ဒဏ်ရာပြင်းထန်စွာရရှိသည်။ ၎င်းအား ရဲတပ်ဖွဲ့က စောင့်ကြပ်လျက်ရှိပြီး ထိုသူသည် ယခုအခါ ဆေးရုံ၌ ကုသမှုခံယူလျက်ရှိသည်။ ***အမ်အင်အေ၊ရိုက်တာ။***

လက်ဘနွန် ဗုံးပေါက်ကွဲမှုနှင့်စပ်လျဉ်း၍ ဆီးရီးယား ပြင်းထန်စွာရှုတ်ချ

ဒမတ်စကတ် ဩဂုတ် ၁၆

လက်ဘနွန်နိုင်ငံ မြောက်ပိုင်း ထရီပိုလီမြို့တွင် လူအများ သေခဲ့ရသည့် ပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားရာ ထိုဖောက်ခွဲမှုသည် ရာဇဝတ်မှုကျူးလွန်သောလုပ်ရပ် ဖြစ်သဖြင့် ယင်းကိစ္စကို ဆီးရီးယားအနေဖြင့် ပြင်းပြင်းထန်ထန် ရှုတ်ချသည်ဟု ဆာနာသတင်းဌာနက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

ထည့်သွင်း

ဆီးရီးယား နိုင်ငံခြားရေးဌာနက ထုတ်ပြန်သော ကြေညာချက်တွင် ယခုဖြစ်ရပ်ကို အလွန်ဝမ်းနည်းရကြောင်း သဝဏ်လွှာများကို သေဆုံးသူများ၏ မိသားစုများသို့ ပေးပို့သည့်အပြင် ယခုအချိန်သည် လက်ဘနွန်နိုင်ငံ၏ လုံခြုံရေးနှင့် တည်ငြိမ်မှုအပေါ် ခြိမ်းခြောက်မှုနှင့် ရင်ဆိုင်နေရသော အချိန်ဖြစ်၍ မိမိတို့သည် ညီနောင်ရင်းချာပမာ စည်းလုံးညီညွတ်မှုရှိရန် လိုအပ်ကြောင်း ထည့်သွင်းရေးသားသွားသည်။

ဗုဒ္ဓဟူးနေ့နံနက်ပိုင်းက ဖြစ်ပွားခဲ့သော အဆိုပါပေါက်ကွဲမှုကြောင့် ၁၇ ဦးသေဆုံးပြီး ၄၀ ဒဏ်ရာရရှိခဲ့သည်ဟု အယ်လ်ဗီစီရုပ်မြင်သံကြားက ဖော်ပြသည်။ ***အင်တာနက်။***

အာဖဂန်နစ္စတန်နိုင်ငံ နယ်စပ်တွင် တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားသဖြင့် ပါကစ္စတန် ဘာဂျာဒေသမှ ပြည်သူများ ထွက်ပြေးနေကြသည်ကို ဩဂုတ်၁၆ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အာဖဂန်နစ္စတန်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား ပူးပေါင်းတပ်ဖွဲ့ဝင် သုံးဦး သေဆုံး

ကဘူးလ် ဩဂုတ် ၁၆

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းတွင် ဩဂုတ် ၁၄ ရက်က ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာခြေကျင်ကင်းလှည့်နေသည့် အမေရိကန်ဦးဆောင်သော ပူးပေါင်းတပ်ဖွဲ့ဝင်သုံးဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

ပြောကြား

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားသည့် နေရာအတိအကျကို အမေရိကန်စစ်ဘက်က ပြောကြားခြင်းမရှိချေ။ ထို့အပြင် သေဆုံးသူတပ်ဖွဲ့ဝင်၏ အမည်နှင့် နိုင်ငံကိုလည်း ထုတ်ပြန်ခြင်းမရှိချေ။ သို့သော် ပူးပေါင်းတပ်ဖွဲ့ဝင် အများအပြားသည် အမေရိကန်များဖြစ်သည်ဟုဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး	ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး	ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

ပေကျင်း အိုလံပစ်ပွဲတော် ရေကူးပြိုင်ပွဲ မီတာ ၁၀၀ လိပ်ပြာကူးပြိုင်ပွဲ၌ အနိုင်ရရှိကြောင်း ကြေညာအပြီး အောင်ပွဲခံနေသော မိုက်ကယ်ဖဲလ်စ်အား တွေ့ရစဉ်။ (အင်တာနက်)

ပေကျင်းအိုလံပစ်ရေကူး၌ မိုက်ကယ်ဖဲလ်စ် ရွှေ(၇)ခုရပြီ

ပေကျင်း ဩဂုတ် ၁၆

အမေရိကန်ရေကူးအကျော်အမော် မိုက်ကယ်ဖဲလ်စ်သည် စနေနေ့က ကျင်းပသော ပေကျင်းအိုလံပစ်ပွဲ အမျိုးသား မီတာ ၁၀၀ လိပ်ပြာကူးပြိုင်ပွဲတွင် တစ်စက္ကန့် အပုံတစ်ရာပုံ တစ်ပုံမျှသော အချိန်အသာဖြင့် ပြိုင်ဘက်ကိုကျော်ဖြတ်ကာ ၎င်း၏ ခုနစ်ခုမြောက် ရွှေတံဆိပ်ဆုကို ဆွတ်ခူးလိုက်ရာ ၁၉၇၂ခုနှစ် မြူးနစ်အိုလံပစ်ပြိုင်ပွဲ ရေကူးပြိုင်ပွဲ၌ ရွှေတံဆိပ်(၇)ခုရရှိခဲ့သူ အမေရိကန်ရေကူးသမား မာ့ခ်စပစ်ဇ်၏စံချိန်ကို မီသွားပြီဖြစ်သည်။

ဆာဘီးယားမှ မီလိုရတ်စီဗစ်က ၅၀ ဒသမ ၅၈ စက္ကန့်ဖြင့် ငွေတံဆိပ်ကိုလည်းကောင်း၊ ဩစတြေးလျမှ အန်ဒရူးလော့တာ ဆီတိန်းက ၅၁ဒသမ ၁၂စက္ကန့်ဖြင့် ကြေးတံဆိပ်ကိုလည်းကောင်း အသီးသီး ရရှိသွားသည်။ စပစ်သည် ၁၉၇၂ခုနှစ် အိုလံပစ်ပြိုင်ပွဲတွင် တစ်ဦးတည်း ရွှေတံဆိပ်ဆု ခုနစ်ဆု ရယူကာ စံချိန်သစ်တင်ခဲ့သည်။ **အင်တာနက်။**

ပေကျင်း အိုလံပစ်ပြိုင်ပွဲ အမျိုးသား တစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲတွင် ဝင်ဘယ်လ်ဒန်ချန်ပီယံ စပိန်မှ ရာဖေးနာဒဲလ် ယှဉ်ပြိုင်နေစဉ်။

(အဆိုပါပွဲတွင် နာဒဲလ်က ဆာဘီးယားမှ ဂျိုကိုဗစ်ကို ၆-၄၊ ၁-၆၊ ၆-၄ ဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်သွားသည်။)(သတင်း၊စာ-၁၂) (ဓာတ်ပုံ-ဆင်ဟွာ)

ဆောင်းပါးအညွှန်း

သာသနာရေးဆိုင်ရာ အခမ်းအနားများတွင် သံဃာတော်များအား ပင့်ဖိတ်လျက် လှူဖွယ်ပစ္စည်းအစုစုတို့ကို စာရေးတံမဲဖောက်၍ လှူဒါန်းလေ့ရှိလာကြသည်မှာ မြန်မာတို့၏ မြတ်နိုးဖွယ်ရာဓလေ့တစ်ခုဖြစ်။

တင်ထွဋ်(အစိုးရတိုင်းရင်းဆေး)၏ "စာရေးတံလှူ နာယူပွားများ မေတ္တာတရား" (ဆောင်းပါး) စာမျက်နှာ-၆

စုပေါင်းညီညာ မြမေတ္တာ ချောင်းကူးတံတားဖွင့်

နေပြည်တော် ဩဂုတ် ၁၆

စုပေါင်းညီညာ မြမေတ္တာ ဆင်သေချောင်းကူးတံတား ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၄ရက် နံနက် ၈နာရီတွင် နေပြည်တော် တပ်ကုန်းမြို့နယ် နွယ်ကျေးရွာ ဆင်သေချောင်းကူး စုပေါင်းညီညာ မြမေတ္တာ တံတားမုခ်ဦး၌ ကျင်းပရာ နေပြည်တော် ပျဉ်းမနားခရိုင် သတင်းတပ်ဖွဲ့ ဒုတိယရဲမှူးကြီး ဦးဘိုလေး၊ အလှူရှင် ဒေါ်မြမြဌေးနှင့် မြို့နယ်အတွင်းရေးမှူးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါတံတားအရှည်မှာ ၂၂၅ ပေ၊ အကျယ် ၁၂ ပေရှိပြီး ကုန်ကျငွေ စုစုပေါင်းမှာ ငွေကျပ် သိန်း ၃၀၀ ဖြစ်သည်။

ထို့နောက် တံတားဖွင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဦးကျော်သိန်းက အဖွင့်အမှာစကားပြောကြားပြီး နေပြည်တော် ပျဉ်းမနားခရိုင် သတင်းတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး ဦးဘိုလေးက **စာမျက်နှာ ၉ ကော်လံ ၁ သို့ ▲**